www.burmeseclassic.com



www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


ပြည့်ဝိုင်းမှူးအိမ်၏ စာအုပ်အမှတ်စဉ် (၂၈)

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀ ၂၀၄၀ ၂၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀ ၂၅၈၀၃၀ |
| အဖုံး ဒီဇိုင်း | - | သင့်မြတ် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းနိုင် (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ၃ထပ်(ယာ)၊ ၃၈လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | | (၁၄၀)၊ ၄၅ - လမ်း၊ ဗိုလ်တထောင်။ |
| အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | | (၈၀-ခ)၊ သံလွင်လမ်း၊ ဗဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ဝင်းယု |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၁၀ ခုနှစ်၊ မတ်လ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |

၈၀၈·၈၁

ပြည့်ဝိုင်းမှူးအိမ်

စာရေးဆြာ / ပြည့်ဝိုင်းမှူးအိမ်။ - ရန်ကုန်၊

တော်ဝင်မြို့မစာပေ၊ ၂၀၁၀။

၁၁၄ - စ၊ ၁၃ စင်တီမီတာ × ၂၀·၅ စင်တီမီတာ။

(၁) စာရေးဆြာ


www.burmeseclassic.com

www.burmeseclassic.com



အရေးတကြီးရှုခင်းအတွက်

ကမန်းကတန်းပွင့်တဲ့ပန်းလို့ပဲဆိုဆို

စံပယ်တွေပွင့်ဖူးဖို့

တနင်္လာနေ့ကို

တံခါးခေါက်ဖို့ လိုလို့လား။

www.burmeseclassic.com

www.burmeseclassic.com



"မင်း . . . ဒီနေ့ ဗန်းခြံထဲ မ သွားဘူးလား . . ."

"ဘာလဲကွာ . . . အစမရှိ အဆုံးမရှိနဲ့ . . ."

ထွန်းဇော် ဘာကိုပြောတယ် ဆိုတာ ကျွန်တော်သိတယ်။ ဒါပေမယ့် ရူးချင်ယောင်ဆောင်ပြီး "ဘာလဲကွာ" လို့ ခပ်ငေါက်ငေါက် ပြန်မေးဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



“မင်း . . . ရှူးချင်ယောင်ဆောင်မနေပါနဲ့ စာရေးဆြာရယ် . . . ဒီနေ့က တနင်္ဂနွေလေ . . . တနင်္ဂနွေဆိုရင် မင်းက မင်းကောင်မလေးနဲ့ ပန်းခြံထဲမှာ . . . အဟိ . . .”

အောင်ဝင်းက ပြုံးစိစိမျက်နှာနဲ့ စကားကိုဆုံးအောင်မပြောဘဲ ‘အဟိ’ ဆိုပြီးတော့ ကျွန်တော့်ကို ကလိတယ်။ ကလိရတဲ့ ရည်ရွယ်ချက်က ကျွန်တော် နေရထိုင်ရခက်အောင်လို့။

“ဟကောင် . . . စကားကို ရှင်းအောင်ပြော . . . ရှုပ်အောင်မလုပ်နဲ့ . . . ပန်းခြံထဲက ကော်ဖီဆိုင်မှာထိုင်တာ ဘာဖြစ်လဲကွာ . . . လူမြင်ကွင်းမှာ ချိန်းတာကွ . . .”

BURMESE CLASSIC

“လူမြင်ကွင်းလို့ပြောရအောင် အဲဒီဆိုင်က လူမှမရှိတာ”

ထွန်းဇော်က ကျွန်တော့်စကားကို ပြန်ပက်သလိုလို၊ သူ့တစ်ယောက်တည်းပဲ ဆိုသလိုလိုနဲ့ ရေရွတ်တယ်။ သူပြောတာဟုတ်နေတော့လည်း ကျွန်တော် တမင်ပဲ မကြားချင်ယောင်ဆောင်ပစ်လိုက်တယ်။

“ကဲပါ . . . အဲဒါတွေ အသာထား . . . အစကလိုရင်းမပျောက်အောင် ထပ်မေးရဦးမယ် . . . မင်းဒီနေ့ အဲဒီ့ကို မသွားဘူးလား . . .”

နောက်ဆုံးတော့ အောင်ဝင်းရဲ့စကားက ဒီဘူတာကိုပဲ ပြန်ဆိုက်တယ်။ ဒီကောင်တွေ မပြောမချင်း ကျွန်တော့်ကို တဂျီဂျီနဲ့ မေးနေမယ်ဆိုတာ သိနေတော့ မပြောရင်လည်း ရမှာမဟုတ်ဘူး . . . ဒါနဲ့ပဲ . . .

“မသွားချင်လို့ပေါ့ကွာ . . .”

လို့ ခပ်မြန်မြန်ပဲ ဆိုဖြစ်တယ်။

“အေး . . . အဲဒီ့လို မသွားချင်ရတဲ့အကြောင်းရင်းကိုပဲ သိချင်နေတာ . . .”



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုရှောင်ရှောင် ထွန်းဇော်ကတော့ ဖွတ်ကြီးကိုမေး တယ်၊

"မင်းတို့ကောင်တွေက ဘာလဲကွ . . . သူတစ်ပါးရည်းစား ရဲ့ကိစ္စကို ယောက်ျားကြီးတန်မဲ့ စပ်စုလှချည်လား . . ."

"ယောက်ျားကြီးတွေက မစပ်စုရဘူးဆိုတဲ့ ဥပဒေရှိလို့လား"

ပိုးစိုးပက်စက်ကြီးပြောတာတောင် မနာတတ်တဲ့ ထွန်းဇော် က 'ဥပဒေရှိလို့လား' လို့ ပြန်ပက်တယ်။

"မပြောပြဘူးကွာ . . . ကဲ . . ဘာဖြစ်ချင်လဲ . . ."

နောက်ဆုံးတော့ ကျွန်တော် တမင်ဘုတောဖြစ်တယ်။ ဟုတ် တယ်လေ . . . ကိုယ်ပြောမှ သူတို့သိမယ့်ကိစ္စကိုး။

ကျွန်တော် ဘုတောမှန်းသိတော့ သကောင့်သားနှစ်ကောင် က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ပြုံးစိစိလုပ်ကြတယ်။ ဒီနှစ်ကောင်က ဒီလိုပဲ အားရင် ကျွန်တော့်ကို စိတ်တိုအောင် အမြဲ စနေကျ။ စကားနာထိုးနေကျ။ အခုလည်း ကျွန်တော်နဲ့ကျွန်တော့် ကောင်မလေးနဲ့ ပြဿနာတက်ထားလို့ ပန်းခြံထဲမသွားဖြစ်တဲ့ကိစ္စကို တမင်ဝိုင်းကျပ်နေကြတာ။

"တော်ကြာ . . . ဟိုက စောင့်နေပါဦးမယ်ကွာ . . . သွား မှာဆိုရင်လည်း သွားမှပေါ့ . . ."

"အဲဒါ . . . မင်းတို့အပူမပါဘူး . . ငါ့ဘာသာငါ သွားချင် သွားမယ် . . . မသွားချင် မသွားဘူးကွာ . . . ကဲ . . ."

ဆောင့်ကြီးအောင့်ကြီးပြောတဲ့ ကျွန်တော့်ရဲ့ ရှုံ့ရှုံ့ရှဲ့ရှဲ့ပုံစံ ကိုကြည့်ပြီး သကောင့်သားနှစ်ကောင်က တခွီးခွီးနဲ့ရယ်တယ်။

"မင်း မှန်မှန်ပြောစမ်းပါ . . . မင်းတို့နှစ်ယောက် တစ် ယောက်နဲ့တစ်ယောက် စိတ်ကောက်နေကြတယ် မဟုတ်လား"

"နေပါဦး . . . မင်းတို့က ဘာကိစ္စ ဒါတွေလိုက်ပြီး စိတ်ခင်



www.burmeseclassic.com

www.burmeseclassic.com



စားနေရတာတုံး . . . တော်တော်အားနေကြလား . . .”

ကျွန်တော် စိတ်တိုတိုနဲ့မေးတဲ့ စကားအဆုံးမှာ သကောင့်သားနှစ်ကောင်က ရွံ့တဲ့တဲ့နဲ့ပဲ ‘အေး’ လို့ ပြုံင်တူခေါင်းညိတ်ပြတယ်။

ကျွန်တော် စိတ်ညစ်ညစ်နဲ့ သက်ပြင်းကို ဟင်းခနဲချရင်း ခေါင်းကိုခပ်ကြွမ်းကြွမ်းပဲ ကုတ်ဖြစ်တယ်။

ပြီး ‘မပြောဘူးဟေ့ သေဖောင်မပြောဘူးကွ’ လို့ စိတ်ထဲမှာ ကြုံးဝါးဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

" ပြောစမ်းပါဦး ... နင်
နဲ့စာရေးဆရာနဲ့ ... ဘယ်လိုဖြစ်ကြ
တာလဲ ..."

" မပြောချင်ပါဘူးဟာ ..."

နုနုရဲ့ အမေးကို တောင်
မလေးက ရှက်ဝဲဝဲဟန်နဲ့ ခေါင်းခါ
ရင်းဆိုတယ်။

" မဟုတ်ဘူးလေ ... ငါတို့
ကူညီသင့်ရင်လည်း ဝိုင်းပြီး ကူညီ
ပေးပါ ..."

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ . . . နင့်တစ်ယောက်တည်း ကြိတ်ခံစားနေရတာမျိုးတော့ ငါတို့က ဘယ်အဖြစ်ခံမလဲ . . . စာရေးဆြာဘက်က မတရားတာဆိုရင်တော့ ငါတို့နှစ်ယောက် အဲဒီစာရေးဆြာဆီကို ပွဲသွားကြမ်းပေးမယ် သူငယ်ချင်း . . ."

နုနုရဲ့စကားအဆုံးမှာ ကြည်ပြာကပါဝင်ပြီး အင်အားဖြည့်တယ်။

"ငါ ခံပြင်းတယ်ဟာ . . ."

"အေးလေ . . . အဲဒီခံပြင်းတဲ့ကိစ္စကိုပဲ မေးနေတာ . ."

"ရင်ဖွင့်လိုက် သူငယ်ချင်း . . . မင်း ရင်ဖွင့်စရာဆိုလို့ ကိုယ်နဲ့ကြည်ပြာပဲရှိတာ မဟုတ်လား . . ."

နုနုက ကြည်ပြာ့ကိုမျက်စိမှိတ်ပြရင်း ကောင်မလေးကို အစ်တယ်။ ကောင်မလေးဘက်က ရင်ဖွင့်လာတော့မယ်ဆိုတာ သူသိနေပြီကိုး။

"နင်တို့သိတဲ့အတိုင်း တနင်္ဂနွေနေ့တိုင်း နေ့လယ်တစ်နာရီဆို ငါတို့ပန်းခြံထဲက ကော်ဖီဆိုင်မှာ အတူထိုင်နေကျ . . ."

"ဟုတ်တယ်လေ . . . အဲဒါ ငါတို့သိတယ်လေဟာ . . ."

"အဲဒီဆိုင်ကလည်း အဲဒီအချိန်ဆိုရင် လူရှင်းတယ်မဟုတ်လား . . ."

"အဲဒါလည်း ငါတို့သိတယ်လေ . . ."

ကြည်ပြာက မျက်လုံးကိုပြူးရင်း စကားကိုထောက်တယ်။

"အဲဒီလို လူရှင်းတာကို အခွင့်ကောင်းယူပြီးတော့ . . . သူ . . ."

"အဲဒါတော့ ငါတို့မသိဘူး . . . သူငယ်ချင်းရေ ဇာတ်မြှုန်တာ တက်လာပြီ . . . အဲဒါ ဇာတ်လမ်းရဲ့ပွိုင့်ပဲ ဖြစ်မယ် . . ."

နုနုက လက်ဆစ်ကို တဖျောက်ဖျောက်ချိုးရင်း မချိတင်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာနဲ့ စိတ်ဝင်တစားမေးတယ်။

"အဲဒီလို လူရှင်းတာကို အခွင့်ကောင်းယူပြီးတော့ သူ နင့်ကို ဘာလုပ်လဲ ပြော . . ."

"ငါ့ကို ဘာမှမလုပ်ပါဘူး . . . သူ့ကိုလုပ်ခိုင်းတာ . . ."

"ဘာ . . . သူ့ကို ဘာ . . . ဘာလုပ်ခိုင်းတာလဲ ပြော"

ကြည်ပြာက အင်္ကျီစကိုပင့်ရင်း ရယ်ချင်ပက်ကျိပုံစံနဲ့ မေးတယ်။

"တစ်ခါတလေဆို မပြောပါဘူး . . . အခုဟာက သူနဲ့တွေ့တိုင်း ချိန်းလိုက်တိုင်းဆိုတော့ . . ."

"ဟုတ်ပါပြီ . . . ဘာလုပ်ခိုင်းတာလဲဆိုတာသာပြော . . . ဒီစာရေးဆြာကိုသွားပြီး ကောင်းကောင်းကြီး ပညာပေးပစ်လိုက်မယ်"

နုနုက လက်သီးကိုဆုပ်ရင်း ဆိုတယ်။ ကောင်မလေးက ရှက်ဝဲဝဲနဲ့ ခေါင်းကိုကုတ်ရင်း . . .

"သူက ငါ့ကိုလေ . . ."

"အေး ပြော . . . သူငယ်ချင်း ပြော . . ."

"ချိန်းတိုင်း . . . ချိန်းတိုင်း . . ."

"အေးပါ . . . ချိန်းတိုင်း ချိန်းတိုင်း . . ဘာလုပ်ခိုင်းလို့ . . နင် သူနဲ့ မတွေ့ချင်ရတော့တာလဲ . . . ကေနွကတော့ ငါ ထင်သလို ဖြစ်နေပြီ ထင်တယ် . . ."

ကြည်ပြာ့ရဲ့ မချိမချဉ်အပြောကြောင့် ကောင်မလေးက ခေါင်းခါတယ်။

"မဟုတ်ဘူးဟ . . . နင်တို့ထင်သလို မဟုတ်ဘူး . . ."

"ဟဲ့ . . . ကြည်ပြာက 'နင့်ကို ဘာပြောလို့ နင်က မဟုတ်ဘူးလို့ ဇွတ်ငြင်းနေရတာတုံး . . . ဘာမဟုတ်တာလဲ ပြော . . ."



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ထင်တာ မဟုတ်တာ . . ."

"ရှုပ်နေတာပဲ . . ."

ကောင်မလေးကိုကြည့်ပြီး နုနုက ရေရွတ်တယ်။

"တကယ်တော့ သူက သူနဲ့ချိန်းတိုင်း ဟို . . . ငါ့ကို . . . ငါ့ကို . . . ဆံပင်ဖြူချည်းပဲ နုတ် နုတ်ခိုင်းနေလို့ဟ . . ."

"ဟေ . . ."

"ကိုရီးယားကား ကျနေတာပဲ . . . ဇာတ်သိမ်းကျမှ အဖျား ရှူးသွားတော့တယ် . . ."

နုနုက 'ဟေ' လို့ ရေရွတ်အပြီးမှာ ကြည်ပြာက မချင့်မရဲ နဲ့ မှတ်ချက်ချတယ်။ ကောင်မလေးကတော့ . . .

"အဲဒီလို နေ့တိုင်းပဲ ဆံပင်မွေးဖြူ နုတ် နုတ်ခိုင်းနေတော့ ငါက သွားရမှာ ပျင်းလာတာပေါ့ . . . စဉ်းစားကြည့်လေ . . ပြော လိုက်ပြန်ရင်လည်း သူ့ဝတ္ထုအကြောင်းတွေချည်းပဲ . . ငါ့ကို ရည်းစား လို့ရော . . . အောက်မေ့ရဲ့လား မသိဘူး . . . အဲဒါနဲ့ ငါ စိတ်ကောက် ချင်ယောင် ဆောင်ထားလိုက်တယ် . . ."

"ဩော် . . . သူငယ်ချင်းရယ် . . . ဒါ တိုင်ပင်တာလေ . . . သူ့ရဲ့အလုပ်က စာရေးဆြာပဲ . . . ဒီတော့ သူ့အလုပ်တွေ နင့် ကို တင်ပြတာနေမှာပေါ့ . . . နင်က ဆွေးနွေးပေးလိုက်ပေါ့ . . ."

"တော်ပါပြီ . . . ပျင်းလွန်းလို့ . . ."

ကောင်မလေးက နုနုရဲ့စကားကို ခေါင်းခါရင်းငြင်းတယ်။

"ဟုတ်တယ် . . . ပျင်းစရာကောင်းတယ်ဆိုတာကို ငါ ထောက်ခံတယ် . . ."

ကြည်ပြာက ခေါင်းကို ဆက်ကာ ဆက်ကာညိတ်ရင်း ဆိုတဲ့ စကားကြောင့် နုနုက . . .

"မီးလောင်ရာ လေပင့်ရုံတင်မကဘူး . . . အဆွေ ထဲ



www.burmeseclassic.com

www.burmeseclassic.com



ထည့်တော့မယ်"

လို့ ခပ်ရိရိရွဲ့ပြီး ဆိုတယ်။

ကြည်ပြာကတော့ ဘာမှမကြားလိုက်သလိုပုံစံနဲ့ . . .

"ငါက အမှန်အတိုင်းပြောတာ နုနုရဲ့ . . . ငါလိုမိန်းမမျိုးသာ သူ့နေရာမှာဆိုရင်လေ . . . အဲဒီ့ စာရေးဆြာ ဆံပင်မွေးဖြူ နုတ်ခိုင်းတာနဲ့ ဂျုတ်ယူသွားပြီး အဖြူရော၊ အမည်းရော တစ်မွေးမှ မကျန်အောင် ရိတ်ပစ်မှာ . . ."

"ထပ်မထွက်လာတော့မှာ ကျနေတာပဲ . . ."

နုနုက ကြည်ပြာ့ကို မဲ့ပြုံရင်းဆိုတယ်။

"ထပ်ထွက်ရင် ထပ်ရိတ်မှာပေါ့ . . ."

ကြည်ပြာကလည်း ချက်ချင်းပြန်ပက်တယ်။ ပြီး ကြည်ပြာတာပဲ . . .

"နောက်ပြီးတော့ဟာ . . . တကယ်ဆို သူ့အသက်အရွယ်နဲ့ ဆံဝင်က မဖြူသင့်သေးဘူး . . . ဖြူတယ်မဲထား . . . အနက်ရောင် ဆိုးလိုက်ပေါ့ . . . အနက်ရောင်မဆိုးချင်ရင်လည်း ဒီခေတ်ကြီးထဲမှာ ဆံပင်ဆိုးဆေးအရောင်တွေကို စုံလို့ . . . အဲဒါကို မဆိုးဘဲ ရည်းစားကို နုတ်ခိုင်းတယ်ဆိုတော့ . . ."

"ရှင်းပါတယ် ကြည်ပြာရယ် . . . အယုယခံချင်လို့ပေါ့ . . ."

ကြည်ပြာ့စကားမဆုံးခင်မှာ နုနုက စကားဖြတ်ပြီးဆိုတယ်။

"အေး . . . ဖြစ်နိုင်တယ် . . . ဒါပေမယ့် တစ်ဖက်က ပြန်လှည့်တွေးရင် လူလည်ကျတာရော မဖြစ်နိုင်ဘူးလား . . ."

ကြည်ပြာက ကောင်မလေးကို မေးငေါ့ရင်းဆိုတယ်။ ကောင်မလေးက . . .

"မသိတော့ဘူးဟာ . . . ဘာပဲဖြစ်ဖြစ် ငါကတော့ . . . မသွားတော့ဘူး . . . သူ့ဘာသာသူ စိတ်ဆိုးချင်လည်း ဆိုးပါစေ"



www.burmeseclassic.com

www.burmeseclassic.com

## စာရေးဆရာ

"တကယ်လား . . ."

"တကယ် . . ."

နုနုက ပြောင်ချော်ချော်နဲ့ မေးတဲ့အမေးကို ကောင်မလေး
က ယတိပြတ်ဆုံးဖြတ်ထားတဲ့ပုံစံနဲ့ 'တကယ်လို့' ဆိုတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း မပြောလည်း ငါတို့က
သိပြီးပြီ . . .

နောင်ဝင်း . . . အစမရှိ
အဆုံးမရှိတဲ့ စကားကြောင့် . . .

"ဘာလဲကွာ . . . မင်းဥစ္စာ
က အစမရှိ အဆုံးမရှိနဲ့ . . .

လို့ ခပ်ပေါက်ပေါက်ဆိုဖြစ်
တယ်။

www.burmeseclassic.com

www.burmeseclassic.com



ထွန်းဇော်က . . .

"ဘာကိစ္စရမှာလဲ . . . မင်းချိန်းတဲ့ဆီ မင်းကောင်မလေး မလာတော့တဲ့ကိစ္စပေါ့ကွ . . ."

လို့ စပ်ဖြီးဖြီးနဲ့ ဆိုတယ်။

"မင်းကွာ . . . သူများသားသမီးကို ချိန်းတုန်းကချိန်းပြီး . . . ဟိုရောက်တော့မှ စိတ်ပါမှန်းမသိ၊ မပါမှန်းမသိ အလိုတူမှန်း မသိ . . . အလိုမတူမှန်းမသိ . . ."

"တော်တော့ . . . မင်းစကား အဲဒီမှာတင် ရပ်တော့ . . ."

အောင်ဝင်းကို လက်ကာပြရင်း ကျွန်တော် ဆိုဖြစ်တယ်။ အောင်ဝင်းက . . .

"ဘာဖြစ်လို့တုံး . . . ."

ဟု ပြုံးကြောင်ကြောင်နဲ့ မေးတယ်။

"မင်းက ငါ့စကားနွားရ ဆိုပြီး ပြောချင်ရာစွတ်ပြောတော့ တာပဲ . . . အလိုတူမှန်းမသိ၊ အလိုမတူမှန်းမသိ ဆိုတဲ့စကားလုံးရဲ့ အတိမ်အနက်က ဘယ်လောက်ထိ ကြောက်စရာကောင်းတယ်ဆိုတာ မင်းမသိဘူး မဟုတ်လား . . . တော်ကြာ ဘေးဘီက လူတစ်ယောက် ကများ ကြားသွားရင် ငါ့ကို ဘယ်လိုကောင်လို့ တွေးသွားမယ်လို့ မင်းထင်လဲ . . ."

မျက်နှာကြီးနီပြီး ရှက်အမ်းအမ်းနဲ့ပြောတဲ့ ကျွန်တော့်စကား ကို သကောင့်သားက ဂရုတောင် မစိုက်ဘူး။

"မင်း မလုပ်သင့်ဘူးကွာ . . ."

လို့ ပြောဖြစ်အောင် ဆက်ပြောတယ်။ အဲဒီအချိန်မှာပဲ နုနု နဲ့ကြည်ပြာက ကျွန်တော်တို့ထိုင်နေတဲ့ဆိုင်ထဲ ဝင်လာကြတယ်။ မျက်နှာတွေကလည်း ကိုယ်စီပြုံးစိစိနဲ့ . . .

"စာရေးဆြာ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာတုန်း . . ."

ပျော်ခင်စိစိနဲ့ခေါ်တဲ့ ကြည်ပြာကို ကျွန်တော် အဲဒီ့လို ခပ်ဆောင့်ဆောင့် ထူးဖြစ်တယ်။

"ကြည့်စမ်း . . . ကြည့်စမ်း . . . လေသံကိုက . . . အဲဒါကြောင့်လည်း နင်ချိန်းတဲ့နေရာကို ဟိုက ဟတ္တာမပြုတာ . . ."

နုနုက ကျွန်တော့်ပခုံးကို ဖျန်းခနဲရိုက်ထည့်ရင်းက ဆိုတော့ကြည်ပြာက . . .

"ဟတ္တာမပြုတာ နည်းတောင်နည်းသေး . . . ဟိုဒင်းမဖြစ်တာပဲ ကံကောင်း . . ."

လို့ ပြုံးစိစိနဲ့ ဆိုတယ်။

"နင်တို့စကားကလည်း ရှင်းနေတာကို ရှုပ်အောင်လုပ်နေပြန်ပါပြီ . . . ဟတ္တာတွေကော . . . ဟိုဒင်းတွေရော . . . ရှုပ်ယှက်ကိုခတ်နေတာပဲ . . ."

အောင်ဝင်းက ခေါင်းကုတ်ရင်းဆိုသည်။

"အေး . . . နင်တို့ နားမလည်ဘူး မဟုတ်လား . . ."

"မလည်ဘူး . . ."

"အေး . . . နင်တို့မလည်ပေမယ့် စာရေးဆြာက နားလည်တယ် . . . နင်တို့သိချင်ရင် သူ့ကိုမေးကြည့်ကြ . . ."

ကြည်ပြာက ကျွန်တော့်ကို မေးငေါ့ရင်း ဆိုတယ်။

"အရှူးကွက်လာမနင်းနဲ့ . . . ငါလည်း မသိဘူး . . ."

ကျွန်တော့်စကားကို နုနုက မျက်နှာမဲ့ရင်း နားထောင်တယ်။ ပြီး . . .

"ဟဲ့ . . . နင်ချိန်းတဲ့နေရာကို ဟိုက . . ဟတ္တာမပြုတာဆိုတာက မလာတာကို ပြောတာ . . . ဟိုဒင်းမဖြစ်တာ ကံကောင်းဆိုတာက . . . ဖြတ်မသွားတာ ကံကောင်းလို့ပြောတာ . . ."



www.burmeseclassic.com

www.burmeseclassic.com



လို့ ရှင်းပြတယ်။

"အဲဒီလို စာတောကတည်းက ရှင်းရှင်းလင်းလင်းပြောပါလား . . ."

အောင်ဝင်းက ယောက်ျားကြီးတန်မဲ့ နုနုကို မျက်မှန်ကြီးကုတ်ရင်း မျက်နှာကိုမဲ့ရင်းဆိုတယ်။

"နင်တို့သူငယ်ချင်းက ဖြတ်သွားတော့ရော လွမ်းစရာလား . . . ငါ့သူငယ်ချင်းက မင်းသားမလုပ်ချင်လို့ စာရေးဆြာလုပ်နေတာ . . . ငါ့သူငယ်ချင်းလို ရုပ်ဖြောင့်တဲ့ကောင်အတွက် ရည်းစားမရှားဘူးဆိုတာ သဘောပေါက် . . ."

ထွန်းဇော်က နုနုရဲ့နဖူးကို လက်ညှိုးနဲ့တွန်းလှတ်ရင်း 'သဘောပေါက်' ဆိုပြီးတော့ ခပ်ကြွားကြွားဆိုတယ်။

"အာ . . . အဲဒီလို မဟုတ် . . ."

ကျွန်တော့်စကားတောင် မဆုံးသေးဘူး။ နုနုက . . .

"အံမယ်မယ် . . . ငါတို့သူငယ်ချင်းကလည်း မယ်စကြဝဠာတွေ၊ မယ်ကမ္ဘာတွေ မလုပ်ချင်လို့ အိမ်ထဲမှာ မိဘအလုပ်ကို ကူနေတာ . . . သူ့ရုပ်သူ့ရည်နဲ့ဆိုရင် နင်တို့သူငယ်ချင်းထက် အဆတစ်ရာ လောက်သာတဲ့လူတွေ တန်းစီနေတယ် . . . သဘောပေါက် . . ."

လို့ဆိုရင်း 'ထွန်းဇော်' နဖူးကို လက်ညှိုးနဲ့ပြန်ပြီးတွန်းတယ်။

"ဝမ်းဂိုးရင် တူးကမ်းပဲ . . . သဘောပေါက် . . ."

ကြည်ပြာကပါ အောင်ဝင်းနဖူးကို လက်ညှိုးနဲ့တွန်းပြီး မဆီမဆိုင် တွန်းတယ်။

အောင်ဝင်းက . . .

"ငါ့ဘာသာငါနေတာ တွန်းစရာလား . . ."

လို့ပြောပြီး ကြည်ပြာ့နဖူးကို ပြန်တွန်းတယ်။ ပြီးတော့ ချတ်ချင်းပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



"အားလားလား . . . ကြည်ပြာ နင် လူမှဟုတ်ရဲ့လား . . "

အလန့်တကြားနဲ့ ထအော်ရင်း ပြောတဲ့စကားကြောင့် အားလုံးက ကြောင်သွားတယ်။ လက်ညှိုးကိုကိုင်ရင်း အောင်ဝင်းက တဟွတ်ဟွတ်လုပ်နေတာကိုး။

"ဘာဖြစ်တာလဲ . . . ငါက လူမဟုတ်လို့ နတ်သမီးဖြစ်ရမှာလား . . ."

ကြည်ပြာကလည်း ပက်ခနဲ အောင်ဝင်းကို ပြန်ပြောတယ်။

"နတ်သမီးလား ဘာလားတော့ မသိဘူး . . . နင့်နဖူးက တော်တော်ကြမ်းတာပဲ . . . နင့်နဖူးကိုကိုင်လိုက်တာ . . ငါ့လက်ညှိုး တောင် သွေးခြေဥတော့မလို့ . . . ဟကောင် ထွန်းဇော် . . . ငါတော့ ဆေးခန်းပြေးတာ ကောင်းမယ်ထင်တယ် . . ."

"အောင်မာမာ . . ."

ပြောင်စိစိနဲ့ပြောတဲ့ အောင်ဝင်းရဲ့စကားကို ကြည်ပြာက အောင်မာမာလို့ပြောပြီး ရယ်တယ်။ ပြီး . . .

"ငါ့နဖူးကတော့ ကြမ်းစရာအကြောင်းမရှိဘူး . . . နင့်လက်က နူမှာမို့လို့ . . . ပြတ်ကျတော့မှာမို့လို့ သွေးခြေဥတာပဲဖြစ်မယ် . . ."

လို့ ပက်ခနဲ ဆိုတယ်။

"အခု သူဘယ်မှာလဲ . . ."

စကားဝိုင်းကို လက်ကာပြရင်းမေးတဲ့ ကျွန်တော့်အမေးကြောင့် အားလုံးက 'ဘာလဲ' ဆိုတဲ့သဘောနဲ့ ကျွန်တော့်ကို နားမလည်သလို ဝိုင်းကြည့်တယ်။

"ငါ့ရဲ့အသည်းကျော်လေး ဘယ်မှာလဲလို့ မေးတာ . . ."

ကျွန်တော့်ကောင်မလေးကို ရည်ရွယ်ပြီးပြောမှန်း အားလုံးက သိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ထွန်းဇော်က ...

"ဒယ်အိုးထဲမှာပဲ နေမှာပေါ့ ..."

လို့ ခပ်ရွဲ့ရွဲ့ဆိုတယ်။

"မင်းကို မမေးဘူး ... နုနုရေ ... သူ့ အိမ်မှာလား"

ကျွန်တော်က နုနုကို မေးငေါ့ရင်းက မေးဖြစ်တယ်။ နုနုက

"ဘယ်သိမှာလဲ ... ငါက သူ့အိမ်က ဒရဝမ်မှမဟုတ်တာ"

လို့ ခပ်ဆောင့်ဆောင့် ပြန်ဖြေတယ်။

"သူက ဒရဝမ်မဟုတ်ဘူးလေ ... စာရေးဆြာရဲ့ ... သူက အဲဒီ့အိမ်မှာ အဝတ်လျှော် ... ထမင်းချက် ..."

အောင်ဝင်းက နုနုရဲ့ခေါင်းကို ခွေးကလေး၊ ကြောင်ကလေး ပွတ်သလို ပွတ်သပ်ရင်း 'အဝတ်လျှော် ထမင်းချက်' လို့ ရေရွတ်တယ်။ နုနုက ချက်ချင်းပဲ ...

"ပါးစပ်ပိတ်ထား အောင်ဝင်း ... ငါ့ကို ဘာမှတ်နေလဲ .. ခါးချိုးပြီး သွားကြားထိုးပစ်လိုက်မယ် ... ကိုင်ပေါက်လိုက်လို့ သုံးနှစ်တိတိ အိပ်ရာထဲက မထနိုင်ဘူး ဖြစ်သွားမယ် ... လူဆက် ဖြစ်ချင်သေးတယ်ဆိုရင် တိတ်တိတ်နေ ..."

လို့ ခပ်ငေါက်ငေါက်ဆိုတယ်။ အောင်ဝင်းက 'တစ်ကိုယ်လုံး လေချည်းပဲ' လို့ မကြားတကြား ရွတ်တယ်။

"ငါတို့ ပြောလိုက်တယ်လို့တော့ မပြောနဲ့ ... သူ့ အခု သူ့အဒေါ်နေမကောင်းလို့ သူ့အဒေါ်ဆိုင်မှာ ကောင်တာသွားထိုင်ပေး နေတယ် ..."

ကြည်ပြာက လက်တို့ရင်း ခပ်တိုးတိုးဆိုတယ်။

"OK ဒါဆို ... ငါသွားပြီးချောလိုက်ဦးမယ် ..."

ပြောပြောဆိုဆို ထရပ်ပြီးထွက်လာခဲ့တဲ့ ကျွန်တော့်ကို ထွန်း ဇော်က ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာကောင် . . . အရှုးကွက်မနင်းနဲ့ . . . လက်ဖက်ရည်ဖိုး ရှင်းခဲ့ဦး . . ."

လို့ လိုက်အော်တယ်။

ကျွန်တော် လှည့်ကြည့်ပြီး မချိုမချဉ် နဲ့ တဒုတာ လုပ်ပြတော့ သကောင့်သားက . . .

"တွေ့မယ်".

လို့ လှမ်းကြိမ်းတယ်။

ကျွန်တော့်ရဲ့ဦးတည်ရာကတော့ ကောင်မလေးရှိနေမယ့် ဆိုင်ရှိရာဆီ . . . .

www.burmeseclassic.com

www.burmeseclassic.com



**ကျွန်တော်**ဝင်လာတာကို မြင်တာနဲ့ ကောင်မလေးက တစ်ဖက်ကို လှည့်သွားတယ်။ ရှစ်ကိုလည်း လိုအပ်တာထက် ပိုပြီးတည်ဖစ်လိုက်တယ်။

“ညီမလေး . . .”

ဒါ ကျွန်တော် ကောင်မလေးကို ခေါ်နေကျ အခေါ်အဝေါ်။

“စိတ်ဆိုးနေသလား”

“. . . . . . . . . . . .”

ကောင်မလေးက ဘာမှ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ပြန်မပြောဘူး။ ဒါပေမယ့် စိတ်ဆိုးနေတယ်ဆိုတာကို သိသာစေတဲ့ အနေနဲ့ နှုတ်ခမ်းတွေကို တင်းတင်းစေ့ထားတယ်။

အေးပေါ့လေ . . . စဉ်းစားလေ စိတ်ဆိုးလေပဲ နေမှာပေါ့ . . . ရည်းစားချိန်းလာသလောက် ဆံပင်မွေးဖြူနုတ်ပြီး ပြန်နေရ တယ်ဆိုတော့လည်း . . .

အခုတော့ ကောင်မလေးက နုတ်ပေးချင်တယ်ဆိုရင်တောင် နုတ်စရာ ဆံပင်ဖြူ ကျွန်တော့်မှာ မရှိတော့ပါဘူး။ ကြုံရင်ကြုံသလို အောင်ဝင်းကို နုတ်ခိုင်းလိုက်၊ ထွန်းဇော်ကို နုတ်ခိုင်းလိုက်နဲ့ ပြောင် သလောက် ရှိသွားပြီဆိုတော့ . . .

"ညီမလေး ကိုယ့်ကို စကားမပြောတာက ကိုယ့်ကို သေချင် စိတ်ပေါက်အောင် လုပ်နေတာနဲ့ အတူတူပဲဆိုတာ ညီမလေးသိတယ် နော် . . ."

". . . . . . . . ."

ကျွန်တော့်ရဲ့စကားကို ကောင်မလေးက မကြားသလိုလုပ် တယ်။ ကောင်တာဘေးက ထိုင်ခုံမှာထိုင်ပြီး တတွတ်တွတ်ဆိုနေတဲ့ ကျွန်တော့်ကိုကြည့်ပြီး အစရောင်းစာရေးမတွေက ပြုံးစိစိကြီးတွေဖြစ် နေကြတယ်။

"ညီမလေး စကားမပြောဘဲတော့ မနေပါနဲ့ကွာ . . . ကိုယ့် ကိုတစ်ခုခုတော့ ပြောပါဦး . . . ညီမလေးမကြိုက်ရင် နောက်ဆို ဆံပင်ဖြူ မနုတ်ခိုင်းတော့ပါဘူး . . . အဲ . . . နုတ်စရာလည်း မရှိ တော့ဘူး . . ."

"အဲဒါတစ်ခုတည်းကြောင့် စိတ်ဆိုးနေတယ်ထင်လို့လား"

ပက်ခနဲ ပြန်ပြောလာတဲ့ကောင်မလေးရဲ့စကားကြောင့် ကောင်မလေးဘက်က တိုးတက်မှုပြလာပြီလို့ ကျွန်တော် တွေးဖြစ် တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လေ။

စကားလုံးဝမပြောဘဲထားရာကနေ စကားစမြည်လေး ဘာဂလး ပြန်ပြောလာပြီဆိုတော့ . . . ဒါ တိုးတက်တာပဲ မဟုတ်လား။

"အင်း . . . ပြောပါဦး . . . တခြားအပြစ်က ဘာလဲ"

"ဘာရမှာလဲ . . . တစ်ချိန်လုံး သူ့ဝတ္ထုအကြောင်း၊ သူ့ဇာတ်ကောင်တွေအကြောင်းချည်းပဲ ပြောနေတော့ ကိုယ့်ချစ်သူက ဘာထူးခြားနေတယ်ဆိုတာတောင် မသိဘူး မဟုတ်လား . . ."

ကောင်မလေးရဲ့စကားကြောင့် ကျွန်တော့်ခေါင်းတွေ ထူပူသွားမိတယ်။ ဟုတ်ပါရဲ့ အဲဒီ့နေ့က သူမ ဘာတွေထူးခြားခဲ့ပါလိမ့်။

"မသိဘူး မဟုတ်လား . . ."

"အဲ . . ."

"အဲဒါ ပြောတာပေါ့ . . . အခုထိလည်း မသိသေးဘူး မဟုတ်လား . . . သွား . . . ပြန်တော့ . . ."

"အာ . . ."

"မအာနဲ့ . . . အတည်ပြောနေတာ . . ပြန်တော့ . . . အဲဒီ ထူးခြားချက်လေးမှ မသိရင် လာမနေနဲ့ . . ."

"နေ . . . နေဦးလေ . . . ကိုယ်တွေးကြည့် . . ."

"တွေးချင်ရင်လည်း အိမ်မှာပြန်တွေး . . ."

"ချစ်ရာ . . ."

"မခေါ်နဲ့ . . ."

"ညီမလေး . . . ကိုယ့်ကိုသေချင်စိတ်ပေါက်အောင် မလုပ်နဲ့နော် . . ."

"လဲသေလိုက်ပေါ့ . . ."

"ဟာကွာ . . ."

"သွား . . . ပြန် . . ."



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ကဲ့ . . . နောက်ဆုံးမှာ ကျွန်တော်ပြန်ခဲ့ရတယ်။ မပြန်မချင်း ကောင်မလေးက နှင်နေတာကိုး။

ထူးခြားချက်။

အင်း . . . ထူပူနေလို့လားတော့ မသိဘူး . . . ဘာမှကို တွေးလို့မရဘူး။ ကြည်ပြာနဲ့နုနုကိုပဲ အားကိုးရမယ်ထင်ရဲ့။

www.burmeseclassic.com

www.burmeseclassic.com



"**သိ**ချင်လား"

"သိချင်လို့ မေးတာပေါ့ဟ … အိုက်တင်ခံမနေနဲ့ … ပြောစရာရှိတာ ပြော"

'သိချင်လား' ဆိုပြီးတော့ ဆရာမကြီးအထာလုပ်နေတဲ့ ကြည်ဖြူကို ထွန်းဇော်က စိတ်မြန်လက်မြန်နဲ့ဆိုတယ်။

သူ့ထက်ပိုပြီးမြန်တဲ့နှုတ …

"မပြောနဲ့"

ဆိုပြီးတော့ လှမ်းတားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟ . . ."

အောင်ဝင်းက နုနုကိုကြည့်ရင်းဆိုတယ်။

"နင်တို့မေးမြန်းတဲ့ပုံက သဘာဝမကျဘူး . . . လေသံကို မကြိုက်ဘူး . . ."

"လေသံက ဘာဖြစ်နေလို့တုံး . . ."

ထွန်းဇော်က မျက်တောင်ပုတ်ခတ် ပုတ်ခတ်လုပ်ရင်းမေး တယ်။

"သိချင်နေတဲ့ကိစ္စတစ်ခုကို လာမေးတာပဲ' . . လေသံက အထက်စီးလေသံနဲ့ ကြိမ်းလားမောင်းလား ဖြစ်နေတယ် . . . လေသံ ကို ပျော့ပျောင်းချိုသာအောင် အရင်ပြင်လိုက်ဦး . . . လေသံကို သဘောကျရင် . . . ဒီက ပြောပြမယ် . . ."

ကြည်ပြာက လက်ကိုပိုက်။ ခေါင်းကိုမော့ရင်းဆိုတယ်။

ဒီအတိုင်းဆိုရင်တော့ ကြည်ပြာတို့နှစ်ယောက်နဲ့အောင်ဝင်း တို့နှစ်ကောင် စကားနိုင်လုနေတာနဲ့ လိုရင်းပျောက်ပြီး ကျွန်တော် ဒုက္ခရောက်နိုင်တယ်။

"ကဲပါဟာ . . . ငါကပဲ ကြားကတောင်းပန်ပါတယ် . . . သူ ဘာတွေထူးခြားပြောင်းလဲထားလဲဆိုတာ ငါ့ကို ပြောပြစမ်းပါ"

မျက်နှာကို အကယ်ဒမီရှုံးအောင် ငယ်ပြရင်း လေသံကို ခပ်နှိမ့်နှိမ့်လေပြေနဲ့ အောက်ကျို့ပြီး ကျွန်တော်ပြောတော့မှ နုနုက . .

"တွေ့လား . . . ထွန်းဇော်နဲ့အောင်ဝင်း ပညာရှိဆိုတာက လိုချင်တာကိုရအောင် ဘယ်လိုယူရမယ်ဆိုတာ သိတယ် . . ."

"နင်က ငါတို့ကိုပညာမရှိလို့ ပြောချင်တာလား . . ."

"အေး . . ."

အောင်ဝင်းရဲ့အမေးကို ကြည်ပြာကဝင်ပြီး 'အေး' တယ်။

"ကဲပါကွာ . . . စကားနိုင်လုချင်ရင် နောက်မှလုကြတော့

www.burmeseclassic.com



. . . ကဲ . . . ကဲ . . . ကြည်ပြာနဲ့နုနု ပြောမှာသာ ပြောကြပါတော့ဟာ . . . "

"ငါက ပြောမလို့ပဲ . . . ဒါပေမယ့် စာရေးဆြာရဲ့သူငယ်ချင်းတွေက အချိုးမပြေတော့ . . . "

"ထားလိုက်ပါဟာ . . . ကဲ . . . ကဲ . . . ငါ့ကို ပြောမှာသာ ပြော . . . "

ကျွန်တော့်စကားတောင် မဆုံးသေးဘူး။ အောင်ဝင်းက . .

"ငါ့ကောင် . . ဘာမှ သူတို့ကို အောက်ကျို့စရာအကြောင်းမရှိဘူး . . . မပြောချင်နေ . . . ဂရုမစိုက်ဘူး . . . "

"အေး . . . ဂရုမစိုက်ရင် မပြောဘူး . . . "

အရေးထဲမှာ အောင်ဝင်းနဲ့ကြည်ပြာက ထပ်ပြီးစကားနိုင်လုကြပြန်တယ်။

"ကဲပါကွာ . . . တော်ကြပါတော့လို့ဆိုကွာ . . . "

"မတော်ဘူးကွာ . . . မင်းပဲ စဉ်းစားကြည့် . . . "

တော်တော့လို့ပြောတော့မှ ထပြီး 'မတော်ဘူးကွာ' လုပ်နေတဲ့ ထွန်းဇော်ကို ကျွန်တော် လှမ်းအကြည့်မှာ ကြည်ပြာတို့ကို မျက်စိတစ်ဖက်လှမ်းမှိတ်ပြတယ်။

အဲဒီတော့မှ ကျွန်တော်ကောင်းကောင်းကြီး သဘောပေါက်သွားတယ်။

သူတို့က ကျွန်တော့်ကို တမင်ဝိုင်းကျပ်နေကြတာကိုး။

"ဩော် . . . မင်းတို့က ပူလောင်ပြီး ပျာယာခတ်နေတဲ့ ငါ့ပုံစံကို ဟာသလုပ်နေကြတာကိုး . . . "

အဲဒီလို ကျွန်တော်ဆိုတော့မှ လေးယောက်စလုံးတာ သဘောတကျနဲ့ တဝါးဝါးဝိုင်းရယ်ကြတယ်။ အတော်လေးကြာအောင် ရယ်ပြီးတော့မှ နုနုက . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို စာရေးဆြာရေ . . . × × × × × × × × × × × ×
× × × × × × × × × × × × × × × ×"

နုနုရဲ့စကားအဆုံးမှာ 'ဩော်' လို့ ရေရွတ်ရင်း ကျွန်တော် ဇွတ်ခနဲပြုံးဖြစ်တယ်။

လက်စသတ်တော့ ဒီလိုကိုး။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့လည်း ကောင်မလေး က သူ့ အဒေါ် သိပ်နေမကောင်း ဘူးလို့ ဆိုင်မှာ ကောင်တာထိုင်ပေး လိမ့်မယ်ဆိုတဲ့ နုနုရဲ့ သတင်းပေး ချက်အရ ကျွန်တော် ဆိုင်ကို ရောက် လာတယ်။

ထုံးစံအတိုင်းပါပဲ။ ကောင် မလေးက ကျွန်တော့်ကိုမြင်တာနဲ့ ဆတ်ခနဲ မျက်နှာကို လွှဲပစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ . . . ပြောင်စိစိနဲ့ ရောက်လာတဲ့ ကျွန်တော့်ကို မမြင်သလိုလုပ်နေတယ်။

"ညီမလေး . . ."

"........"

ကောင်မလေးက ဘာမှပြန်မထူးဘူး။ ဘာရယ်မဟုတ်ဘူး။ နုနုရဲ့စကားကို ပြန်ပြီးကြားမိတယ်။

"နင်က ဆံပင်ဖြောင့်စင်းစင်းလေးတွေမှ သဘောကျတယ် ဆိုလို့ တလောကမှ ကောက်ထားတဲ့ သူ့ဆံပင်ကို ပြန်ဖြောင့်ထားတာ စင်းနေတာပဲ . . . အဲဒါကို နင်က သတိမထားမိဘူး မဟုတ်လား စာရေးဆြာရဲ့ . . . နင်ကျတော့ သူ့ကို ဆံပင်ဖြူနုတ်ခိုင်းပြီး နင့်အကြိုက်ကို အသေအလဲပြင်လာတဲ့ လူကိုကျတော့ သတိမထားမိဘူးဆိုတော့ အတ္တကြီးလွန်းတာပေါ့ . . . အေးလေ . . . အတ္တကြီးဆို နင်က စာရေးဆြာကိုး . . ."

လို့ မဆီမဆိုင် နှိပ်ကွပ်ခဲ့တဲ့ နုနုလိုပဲ ဩဝါဒခြွေလိုက်တဲ့ ကြည်ပြာရဲ့စကားကိုလည်း ပြန်ကြားမိပြန်ရော။

"တစ်ခါတည်း သင်ပေးလိုက်မယ် စာရေးဆြာ . . . မိန်းကလေးဆိုတာက သူတို့ပြင်ထားဆင်ထားတာကို ချီးမွမ်းပေးမှ ကြိုက်တာ . . . ရောက်သွားတာနဲ့ သူ့ဆံပင်ကိုဖြောင့်စင်းနေတာပဲဆိုပြီး ချီးမွမ်းပေး . . . အဲဒါ ပြီးတာနဲ့ အဝတ်အစားဝတ်ထားတာကို ကြံဖန်ပြီး ချီးမွမ်းပေး . . . အို . . . နောက်ဆုံး လက်သည်းဆိုးထားတာက အစ ဂရုစိုက်ချင်ယောင်ဆောင်ပြီး ချီးမွမ်းပစ်လိုက် . . . အဲဒီ့မှာ ကောက်နေတာတွေပြေပြီး ပစ်ကြွေသွားလိမ့်မယ် . . ."

ဟုတ်ပြီလို့ တွေးရင်း ကောင်မလေးကို . . .

"ညီမလေး . . . ကြည့်စမ်း . . . ညီမလေးဆံပင်က ဖြောင့်စင်းအိတုံ့နေတာပဲကွာ . . . ပိုးသားတွေတောင် အရှုံးပေးရမယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ် . . .”

ကျွန်တော့်စကားအဆုံးမှာ စူနေတဲ့ကောင်မလေးရဲ့ နှုတ်ခမ်းမှာ အပြုံးဖူးတစ်ဖူး ဖျတ်ခနဲ ပွင့်သွားတယ်။

ဒါပေမယ့် ကောင်မလေးက ရှက်ဝဲဝဲပြုံးတာကို ကျွန်တော်မြင်မှာစိုးလို့ တစ်ဖက်လှည့်ပြီးမှ ပြုံးတယ်။

ကျွန်တော့်ဘက်ပြန်လှည့်လာတဲ့အချိန်မှာ ရုပ်တည်ပြီးပြန်ဖြစ်နေပြီ။ မိန်းကလေးတွေက ဒီလို စိတ်ကောက်တဲ့ပညာမှာ တစ်ဖက်ကမ်းခတ်တတ်ကြတာဆိုတော့လည်း ခက်သားလား။ ကျွန်တော့်ဘက်က ကွက်စုံမခင်းသေးသရွေ့တော့ သူ ပျော့လာဖို့အကြောင်းမရှိဘူး။ ဒါနဲ့ပဲ . . .

“ကြည့်စမ်း . . . ညီမလေးဝတ်ထားတဲ့အကျႌက မိုက်လှချည်လား . . . ညီမလေးက ဒီဇိုင်းအသစ်တွေချုပ်တာ ဝါသနာပါတော့ကိုယ့်ဘာသာကိုယ်ချုပ်ပြီး ထွင်ထားတာ ဖြစ်မယ် . . . ဟုတ်တယ်မဟုတ်လား . . .”

“ဟုတ်ပါလိမ့်မယ် . . . အားကြီးကြီး . . . Ready Made ဝယ်ဝတ်ထားတာ . . .”

“အင် . . .”

ပြောပြီး ကောင်မလေးက တစ်ဖက်လှည့်ပြီးပြုံးတယ်။ ကျွန်တော်ကတော့ ‘အင်’ ခနဲဖြစ်ရင်း ရှက်ကိုးရှက်ကန်းနဲ့ ‘အဲဟဲ’ လို့ရယ်ဖြစ်တယ်။ ချော်လဲရောထိုင်ဆိုတဲ့သဘောမျိုးနဲ့ တစ်လက်စတည်းဆက်ပြီးနွှီးမှဖြစ်တော့မယ်လို့တွေးရင်း . . .

“ထင်တော့ထင်သား ချုပ်ရိုးချုပ်သားကြည့်ရတာ သိပ်တော့မသေသပ်ဘူးလို့ . . ညီမလေးချုပ်တာက လုံးဝသေသပ်ရပ်တယ် မဟုတ်လား . . . အီတလီတို့ ပြင်သစ်တို့က ဒီဇိုင်နာတွေလောက်တောင် ညီမလေးက ပျင်းတယ် . . . ဟုတ်တယ် မဟုတ်လား . . .”



www.burmeseclassic.com

www.burmeseclassic.com



"သွားပါ . . . ကြည်ပြာသင်ပေးလိုက်တဲ့တော်ကီတွေ လာပစ်မနေနဲ့ . . ."

"ဟာ . . . ကြည်ပြာတော့ သစ္စာဖောက်ပြီ . . . သူ့ ညီမလေးကို ကြိုဖုန်းဆက်ထားတာလား . . ."

"မဆက်ပါဘူး . . . ဒါပေမယ့် ဒီအကွက်တွေက ညီမလေး စိတ်ကောက်ရင် ကြည်ပြာချော့နေကျ အကွက်တွေ . . ."

"အင် . . ."

ကောင်မလေးရဲ့စကားကြောင့် ကျွန်တော် အင်ခနဲဖြစ်သွားရပြန်တယ်။ ညီမလေးတစ်ယောက်ကလည်း ခေသူမှမဟုတ်ပဲကိုး။

"ဒါနဲ့ ညီမလေးက ကိုယ့်ကိုမှ မဟုတ်ဘူး . . . ကြည်ပြာတို့ကိုလည်း မိန်းကလေးအချင်းချင်း ကောက်တာပဲလား . . ."

ကျွန်တော့်အမေးကို ကောင်မလေးက ခေါင်းညိတ်ပြတယ်။

"တော်တော်ဆိုးတာပဲ . . ."

အမှတ်တမဲ့ရေရွတ်မိတဲ့ ကျွန်တော့်စကားကို ကောင်မလေးက . . .

"ဘာပြောတယ် . . ."

လို့ ပြန်အော်တယ်။ ဒါကိုပဲ ဘေးမှာရှိတဲ့စာရေးမက သူ့ခေါ်တယ်ထင်ပြီး . . .

"ဘာလိုလို့လဲ ဟင် . . ."

လို့ လာမေးတယ်။

"ဘယ်သူခေါ်လို့လဲ . . ."

"ရှင် . . ."

"ဘယ်သူခေါ်လို့လာတာလဲလို့ . . ."

"ဟို ခေါ်သံကြားလိုက်သလားလို့ . . ."

"အဲဒါ ခေါ်တာမဟုတ်ဘူး . . . အော်တာ . . အော်တာ



www.burmeseclassic.com

www.burmeseclassic.com



. . . သူ့ကို အော်တာ . . .”

ကောင်မလေးက ကျွန်တော့်ကို မေးငေါ့ပြပြီးဆိုတော့မှ စာရေးမလေးက ‘ဩော်’ လို့ ရေရွတ်ပြီး ပြုံးစိစိနဲ့ ထွက်သွားတယ်။

“တော်တော်ဆိုးတာပဲ . . .”

“လာပြန်ပြီလား နောက်တစ်ခါ . . .”

ကောင်မလေးက ပြုံးစိစိနဲ့စတဲ့ ကျွန်တော့်ကို အော်ပြန်တယ်။ တော်သေးတာပေါ့။ ဈေးဝယ်လူရှင်းချိန်မို့လို့။

“မဟုတ်ဘူး . . . ညီမလေးကို ပြောတာမဟုတ်ဘူး . . . စောစောက တော်တော်ဆိုးတာပဲ ဆိုတာက ကြည်ပြာ့ကို ပြောတာ . . . သူက ညီမလေးကို စိတ်ကောက်အောင်လုပ်စရာလား . . . အဲဒါကြောင့် ကြည်ပြာ့ကိုပြောတာ . . . အဲ . . . အခုပြောတဲ့ တော်တော်ဆိုးတာပဲ ဆိုတာက ဟိုစာရေးမလေးကိုပြောတာ . . . ခေါ်တာမှန်းမသိ . . . အော်တာမှန်းမသိနဲ့ . . . တော်တော်ပိန်းတာပဲ . .”

“သွားပါ . . . . ဖော်လိုလိုက်မနေပါနဲ့ . . .”

ကောင်မလေးက လူရှင်တော်လို Over အိုက်တင်တွေနဲ့ ပြောနေတဲ့ ကျွန်တော့်ကို မျက်စောင်းထိုးရင်း ဆိုတယ်။

“ဒီတစ်ကမ္ဘာလုံးမှာမှ အချစ်ဆုံးဆိုလို့ ဒီတစ်ယောက်တည်းရှိတာ . . . ဒီလူကိုမှ ဖော်လိုမလိုက်ရင် ဘယ်သူ့ကို သွားလိုက်မတုံး”

ပြောင်ချော်ချော်နဲ့ပြောတဲ့ ကျွန်တော့်ကို ကောင်မလေးက

“ဘေးမှာ စာရေးမတွေရှိတယ် . . . စကားကို တိုးတိုးမပြောဘူး . . . အရှက်မရှိတိုင်း၊ လျှာအရိုးမရှိတိုင်း လျှောက်အာမနေနဲ့ . . . ဒီက ရှက်တတ်တယ် . . .”

လို့ မျက်စောင်းထိုးရင်း ဆိုတယ်။

“ဒီကကောင်ကလည်း သူများကြားအောင် ဘယ်ပြောရ မလဲ . . . နှစ်ကိုယ်ကြားပဲ ပြောချင်တာပေါ့ဗျာ . . . မောင်သာထီး



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပြောရတာ . . .”

ခပ်ရွှဲ့ရွှဲ့နဲ့ပြောင်ချော်ချော်ပြောတဲ့ ကျွန်တော့်စကားအဆုံးမှာ ကောင်မလေးက ဒိုင်းခနဲမျက်စောင်းထိုးရင်း ပြုံးတယ်။

ဘာပဲပြောပြောလေ။ နောက်ဆုံးတော့ ကျွန်တော် သူမကို ပြုံးလာတဲ့အထိ ချော့နိုင်ခဲ့တယ်။

ဒါတင်ဘယ်ကမလဲ။ အခုဆို ကျွန်တော့်ဖုန်းကိုလည်း မကိုင်ဘဲမနေတော့ဘူး . . ပြီးတော့ ဆိုင်အပြန်ကိုလည်း လိုက်ပို့ခွင့်ရတယ်။

အဲ . . . အရေးအကြီးဆုံးက တနင်္ဂနွေနေ့ဆို ပန်းခြံထဲက ကော်ဖီဆိုင်မှာပြန်ထိုင်ခွင့်ရတော့မယ်။

ဒီတစ်ခါတော့ ကောင်မလေးကို ဆံပင်ဖြူနုတ်ခိုင်းလို့တော့ မရတော့ဘူးပေါ့ဗျာ . . . ဟုတ်တယ်မဟုတ်လား . . . .

www.burmeseclassic.com

www.burmeseclassic.com



**Prose** = **Words in their best order.**

**Poetry** = **The best words in the best order.**

**စကားပြေ** = **စကားလုံးများကို အကောင်းဆုံးစီစဉ်ထားခြင်း။**

**ကဗျာ** = **အကောင်းဆုံးသော စကားလုံးများကို အကောင်းဆုံး စီစဉ်ထားခြင်း။**

**Samuel Taylar Coleridge**

www.burmeseclassic.com

www.burmeseclassic.com



"**ဆယ်မြှုရယ်**တေလာ ကိုးလာရစ်ချ် ဆိုတဲ့ ကဗျာဆရာက အဲဒီလိုဆိုတာ . . ငါက တော့ ထောက်ခံတယ် . . ."

ထွန်းဇော်ရဲ့ စကားအသွားအလာ ကိုနားထောင်ရင်း အနှိပ်ကွပ်ခံရတော့မယ် ဆိုတဲ့ အနံ့အသက်တွေရလာတယ်။

ဒီကောင်က ကဗျာသမား။

ကဗျာကလွဲရင် ဘာမှအနုပညာ မဆန်ဘူးလို့ အစွန်းရောက် ခံယူထားတဲ့ ကောင်။

www.burmeseclassic.com

www.burmeseclassic.com



အခုလည်း သူစကားအစပျိုးနေတာ အကောင်းမဟုတ်ဘူး။ သူ ကျွန်တော့်ကိုနှိပ်ကွပ်မလို့အားယူပြီး အရှိန်ကိုထင်နေတာ။

"ဒီတော့ကွာ . . မင်းလည်း စာရေးဆြာဆိုတာနဲ့ပဲ ကျေနပ်မနေဘဲနဲ့ ကဗျာဆရာဖြစ်အောင် ကြိုးစား . . ."

"ငါက ကဗျာလည်း ရေးတယ်လေကွာ . . ."

ဆရာကြီးအထာနဲ့ဆိုနေတဲ့ သကောင့်သားဆီ ရင်ဘတ်ကို ပုတ်ရင်း ကျွန်တော်ဆိုဖြစ်တယ်။

"မင်းရေးတဲ့ကဗျာတွေက နိမ့်သေးတယ် . . ."

"ဟော . . ."

"မဟောနဲ့ . . . မင်း ဝန်ခံမလား . . မဝန်ခံဘူးလား"

"ဘာလိုင်းကြီးပါလား . . ."

လို့ တွေးရင်း အောင်ဝင်းကို . . .

"ဘယ့်နှယ်လုပ်ကြမတုံး"

လို့ စစ်ကူတောင်းတဲ့အကြည့်ကို ကြည့်ဖြစ်တယ်။

အောင်ဝင်းက ပခုံးတွန့်ပြတယ်။

သဘောက . . .

"ကြည့်လုပ်တော့ ငါ့ကောင်ရေ . . ."

ဆိုတဲ့ သဘော။

"ဒါနဲ့ စကားမစပ် မင်းက ဒီဝိုင်းကို ရှင်းမှာလား . . ."

ကျွန်တော့်အမေးကို ထွန်းဇော်က . . .

"ဘာဆိုင်လို့လဲ . . ."

လို့ ပြန်မေးတယ်။

"ဒီဝိုင်းကို မင်းရှင်းမှာဆိုရင် ငါ့ကဗျာတွေနိမ့်တယ်လို့ ငါ သုံးသပ်ပေးမယ် . . . မင်း မရှင်းရင်တော့ ငါ့ကဗျာတွေ လုံးဝအမြင့် အကန်မြင့်တယ်လို့ ငါ သုံးသပ်တယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



ပြောင်စိစိနဲ့ဆိုတဲ့ ကျွန်ကော့်စကားကို ထွန်းဇော်က ရယ်တယ်။

"မင်းက မင်းရဲ့အနုပညာကို . . . ဒီဝိုင်းရဲ့ကုန်ကျစရိတ်နဲ့ တန်ဖိုးဖြတ်တာလား . . . ဟုတ်လား . . ."

"အားပါးပါး ဒိုင်ယာလော့ခ်တွေက မိုက်တယ်ကွာ . . . ထွန်းဇော် လုံးဝစားတယ် . . ."

အောင်ဝင်းက ထွန်းဇော်ကို ဖော်လိုလိုက်သလိုနဲ့ စမူဆာတစ်ခုကို ကောက်ပြီးစားတယ်။

"လုံးဝစားတယ်"

လို့လည်း နောက်တစ်ခေါက် ထပ်ပြောဖြစ်အောင် ပြောတယ်။

ပြီးတော့ တဟီးဟီးရယ်တယ်။

"ဟကောင် . . . စားတာတွေ၊ မစားတာတွေ ဝင်မပြောနဲ့ . . . မင်းကို လူစာရင်းထဲ ထည့်မထားဘူး . . . ကိုယ့်ဘာသာကိုယ် အေးဆေးနေ . . ."

"အင် . . ."

ထွန်းဇော်ရဲ့စကားက စမူဆာစားနေတဲ့ အောင်ဝင်းကို 'အင်' ခနဲ နင်သွားစေတယ်။

အောင်ဝင်းက ထွန်းဇော်ကို အလန့်တကြားလှမ်းပုတ်ရင်း . .

"ဟကောင် . . . ထွန်းဇော် . . . သူငယ်ချင်း . . မင်း ငါ့ကို မှတ်မိလား . . . ငါ့ကို သေသေချာချာကြည့်နော် . . . ဟကောင် စာရေးဆြာ . . . ဒီကောင့်ကို ကြည့်ပါဦးကွာ . . . သူ့ပုံစံက လုံးဝ လွတ်သွားတဲ့ပုံစံကွ . . . ငါ့ကို လူစာရင်းထဲတောင် မသွင်းတော့ဘူးတဲ့ . . . ငါ့ကို နတ်သားလေးများ ထင်နေသလား မသိဘူး . . ."

အောင်ဝင်းက အသားကုန်နှိပ်ကွပ်ပေမယ့် ထွန်းဇော်က

www.burmeseclassic.com



ဂရုမစိုက်ဘူး . . . ကျွန်တော့်ကိုပဲ မေးငေါ့ရင်း . . .

"ကဲ . . . ဘယ်လိုလဲ . . . မင်းရဲ့အနုပညာကို တန်ဖိုးဖြတ်မှာလား . . . မဖြတ်ဘူးလား . . ."

လို့ ခပ်တည်တည်နဲ့မေးတယ်။ ပြီးတော့မှ ခွီးခနဲရယ်လိုက်ရင်း . . .

"မင်းမဖြတ်လို့ မရဘူး . . . ဒီဝိုင်းရဲ့ကုန်ကျစရိတ်နဲ့မှ တန်ဖိုးမဖြတ်ရင် မဖြစ်ဘူး . . . ဘာဖြစ်လို့လဲဆိုတော့ ငါ့မှာ ရှင်းစရာ ပိုက်ဆံတစ်ပြားမှ မပါဘူး . . ."

"ရမလားကွ . . . ဖြတ်တယ်လို့ ပြောလိုက် စာရေးဆြာ"

ခွီးခနဲရယ်ရင်းဆိုတဲ့ ထွန်းဇော်ရဲ့စကားအဆုံးမှာ အောင်ဝင်းက အမြင်ကတ်ကတ်နဲ့ဝင်ပြီး ဆိုတယ်။ ထွန်းဇော်ဆိုတဲ့ကောင်က အဲဒီ့လိုပဲ။

လူကို နှစ်ပြားမတန်အောင် ရုပ်တည်ကြီးနဲ့ကျပ်တတ်တယ်။ ကိုယ့်ဘော်ဒါအရင်းကြီးဆိုတော့ 'မင်းက ဘာကောင်လဲ' လို့ ပြောရမှာကလည်း မဟုတ်။

ပြီးတော့ ဒီကောင်ကလည်း အနောက်သန်တယ်ဆိုတာကို လည်း ကိုယ်ကသိတော့။ သူ့အကြောင်းမသိတဲ့ တစိမ်းတစ်ယောက်သာ ဝိုင်းထဲရှိနေရင် မျက်လုံးပြူးပြီသာမှတ်။ လုံးဝရုပ်အတည်ကြီးနဲ့ကို ဆော်တာကိုး။

တစ်ခါ တစ်ခါ ဒီကောင် ထထပြောလိုက်တဲ့ စကားလုံးတွေက ချွေးပျံဖို့ကောင်းတယ်။ တစ်ခါတလေကျတော့လည်း နားရင်းထအုပ်ချင်စရာကောင်းပြန်ရော။ တစ်ခါတလေကျပြန်တော့ မျက်ရည်ထွက်တဲ့အထိ အူတက်တဲ့အထိ ရယ်ရတာလည်းရှိတယ်။

"ဘယ်လိုလဲ . . . ငါ့စကားလုံးတွေမှာ . . . မင်း ချွေးပြန်သွားတယ် မဟုတ်လား . . ."



www.burmeseclassic.com

www.burmeseclassic.com



သကောင့်သားက ရယ်ရင်းနဲ့ဆိုတယ်။

"ချွေးပြန်ဖို့ကောင်းတာပေါ့ . . . မင်းစားထားသောက်ထားတာတွေကလည်း နည်းမှမနည်းပဲ . . ."

အောင်ဝင်းက ထုံးစံအတိုင်း ထွန်းဇော်ကို ဖဲ့တယ်။

"ဒါဖြင့်လည်း မင်းတစ်ဝက်ရှင်းပေးလိုက်ပေါ့ . . ."

လို့ ထွန်းဇော်က ပြန်ပက်တယ်။ ထွန်းဇော်ကတော့ ထုံးစံအတိုင်းပဲ မကြားသလိုလုပ်ပြီး သီချင်းတောင် ထည့်ည်းလိုက်သေးတယ်။

"ငါ ဒီကောင့်ကို စတယ်၊ နောက်တယ်ဆိုတာက ဟုတ်၊ ဟုတ် မဟုတ်ဟုတ် အပျင်းပြေသေးတယ် . . . ဟိုကောင် မင်းစိုးနဲ့ဆိုရင် ဒီကောင် ဘာမှကို မတတ်နိုင်ဘူး . . ."

ထွန်းဇော်က ပြောပြီးခွီးခနဲရယ်တယ်။

မင်းစိုးဆိုတာက ကျွန်တော့်ကောင်မလေးရဲ့အစ်ကိုဝမ်းကွဲ။ သူကလည်း ကဗျာခရေဇီ။ မဆုံလိုက်နဲ့ ဆုံလို့ကတော့ သူ့ကဗျာတွေ ရွတ်ပြပြီသာမှတ်။ နားမထောင်လို့လည်း မရဘူး။ ဇွတ်နားထောင်ခိုင်းတာ။

နားထောင်ခိုင်းရုံတင်လားဆိုတော့လည်း မဟုတ်ဘူး။ ဆွေးနွေးခိုင်းသေးတယ်။

အဲ . . . ဆွေးနွေးတယ်ဆိုတာကလည်း စကားလှအောင်သာ ပြောရတာပါ။

နောက်ဆုံး သူချည်းပဲ အဆိုပြု၊ သူ့ စကားသူပဲ ပြန်ထောက်ခံပြီးတော့ . . . 'ဟုတ်တယ်မဟုတ်လား' ဆိုတာနဲ့ပဲ အဆုံးသတ်တဲ့လူ။

"အေး . . . မင်းပြောမှ အဲဒီလူတောင် ပျောက်နေတယ်နော် . . ."

"ပျောက်မှာပေါ့ . . . ဘုရားဖူးသွားနေတာကိုး . . . ကြာ



www.burmeseclassic.com

www.burmeseclassic.com



မယ်ထင်ပြီး သိပ်လည်း ဝမ်းသာမနေနဲ့ဦး . . . မနက်ဖြန် ပြန်ရောက်မယ်လို့ ကြားတယ် . . .”

ထွန်းဇော်ရဲ့စကားအဆုံးမှာ ကျွန်တော် ရင်တော့အတော်လေး လေးသွားရတယ်။ ဘာပဲပြောပြော ကျွန်တော့်ဆီမရောက်တာဆယ်ရက်ကျော်တောင်ရှိပြီဆိုတော့ သူ့ခမျာ ကဗျာမရွတ်ရတာတောင် ကြာပြီထင်ရဲ့လို့ ရင်လေးလေးနဲ့ တွေးမိတယ်။

ဘာတဲ့ . . .

မနက်ဖြန် ပြန်ရောက်မယ်တဲ့ . . .

www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေဆိုတာကို ငါ မျိုချလိုက်တဲ့

ညနေခင်းတုန်းကပေါ့။

ဆည်းဆာက မလှမပနဲ့

သူ့ကိုယ်သူ ပြာချတယ်။

အင်း . . . အဲဒီ

ဝေဒနာတွေရဲ့ ရှုပန ထင်ရဲ့ . . .

www.burmeseclassic.com

www.burmeseclassic.com



"**ဘာယ်**လိုလဲ ကောင်းလား"

ကျွန်တော့်ရဲ့ ရယ်ချင်စိတ်ကို အသားကုန်ထိန်းရင်း မတော်ရသေးတဲ့ ယောက်ဖဝမ်းကွဲ မင်းစိုးကို ခေါင်းညိတ်ပြဖြစ်တယ်။

ဒီအချိန်မှာသာ ထွန်းဇော်လို ကဗျာဝါသနာအိုးရှိနေရင် နှစ်ယော.. သား လွှတ်ပေးထားလိုက်ရှိ။

ခက်တာက သူတို့နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဆုံအောင် ဘယ်လိုလုပ်လုပ် ဆုံကိုမဆုံ ဖြစ်ဘူး။ အခုလည်း ကိုမင်းစိုး က ပုဂံဘုရားဖူးက အပြန်၊ ကျွန်တော့်ကို ဆီးပြားနဲ့ပုန်းရည်ကြီးလက် ဆောင်ပေးရင်း ခရီးထွက်ရင်း စပ်ခဲ့တဲ့ကဗျာရဲ့အဖွင့်ကို သူ ရွတ်ပြ နေတာ။

'ကောင်းလား' တဲ့။ မကောင်းဘူးလို့ပြောလည်း ရမှာမှမ ဟုတ်တာ။ 'ကောင်းပါတယ်' ပေါ့။ ဩော် . . . သူ့ခမျာ ခရီးကပြန် တာတောင် မနားနိုင်ရှာဘူး။ တကူးတကကြီးကို လာရွတ်ပြရှာတယ်။ တကယ်တော့ သူ့ကဗျာစာသားတွေက တစ်ခါတစ်ခါ လက်ဖျားခါရ လောက်အောင်ကို ကောင်းတယ်။ အဲ . . . တစ်ခါတစ်ခါကျတော့ လည်း ဘာမှန်းကို မသိဘူး။

အခု ကဗျာလေးကတော့ အတော်လေး ကောင်းပါတယ်။ ဒါပေမယ့် သူ ရွတ်ပြနေတဲ့ပုံစံက Over တွေဖြစ်ပြီး ရယ်ချင်စရာ ကောင်းနေတယ်။ ရယ်ချင်စရာကောင်းတယ်ဆိုပြီး သွားရယ်လို့တော့ မရဘူး။ သူ့ညီမဖြစ်တဲ့ ကျွန်တော့်ကောင်မလေးရဲ့မျက်နှာက ရှိသေး တယ် မဟုတ်လား။

အဲဒီ့အချိန်မှာပဲ ထွန်းဇော်က ကျွန်တော်တို့ထိုင်နေတဲ့ဆိုင် ကို ရောက်လာတယ်။ ကျွန်တော်နဲ့အတူထိုင်နေတဲ့ မင်းစိုးကိုလည်း တွေ့ရော လာရကောင်းမလား၊ မလာရကောင်းမလား စဉ်းစားနေတဲ့ ပုံစံနဲ့ ခြေလှမ်းတွေ တန့်သွားတယ်။

နောက်တော့မှ ဆုံးဖြတ်လိုက်တဲ့ပုံစံနဲ့ ဆက်လျှောက်လာ တယ်။ 'သွားပြီ' လို့ ကျွန်တော် တွေးဖြစ်တယ်။

ဒီနှစ်ကောင် မဆုံလိုက်နဲ့ ဆုံတာနဲ့ ကဗျာသမားအချင်းချင်း ဆွေးနွေးမယ့်အစား ငြင်းကြခုန်ကြတာကိုး။ ပြီးတော့ ဘာမှလည်း ဟုတ်တာမဟုတ်ဘူး။

အခုလည်း မင်းစိုးက မနေနိုင်မထိုင်နိုင်နဲ့ သူ့ကဗျာတို ရွတ်



www.burmeseclassic.com

www.burmeseclassic.com



ပြလိမ့်မယ်။ ဟိုကောင်ထွန်းဇော်ကလည်း ရစရာမရှိအောင်ကို နှိပ်ကွပ်လိမ့်ဦးမယ်။

အဲ . . . ထုံးစံအတိုင်း ကျွန်တော်ကလည်း ကြားထဲကနေ ဖျန်ဖြေပေးရလိမ့်ဦးမယ်ဆိုတာ ကျွန်တော် ကြိုတွက်မိနေတယ်။

ထင်တဲ့အတိုင်းပဲ မင်းစိုးက ထွန်းဇော်ကို မြင်မြင်ချင်း ဝမ်းသာအားရနဲ့ . . .

"ဟာ . . . ဟကောင်ကြီး . . အတော်ပဲ လာထိုင် . . . မင်းကို ငါ ခရီးသွားတုန်းက စပ်ထားတဲ့ကဗျာလေး ရွတ်ပြဦးမယ်"

လို့ တက်တက်ကြွကြွပဲ ကြိုဆိုတယ်။

ထွန်းဇော်ကတော့ မောင်းတင်ထားတဲ့ပုံစံနဲ့ နှုတ်ခမ်းကို တင်းတင်းစေ့တယ်။ ထိုင်ခုံမှာထိုင်ပြီးတာနဲ့ အင်္ကျီလက်မောင်းကို ပင့်တယ်။

မင်းစိုးကတော့ အဲဒါတွေကို သတိမထားမိဘူး။ သူ့ကဗျာ ရွတ်ပြဖို့ကိုပဲ အာရုံစိုက်နေတာဆိုတော့။

"ရွတ်ပြတော့လေကွာ . . ."

ထွန်းဇော်က သိပ်နားထောင်ချင်နေတဲ့ပုံစံနဲ့ ဆော်ဩတယ်။ အနှိပ်ကွပ်ခံရတော့မှာကို မသိရှာတဲ့ မင်းစိုးက . . .

"အေးပါ . . ."

လို့ ပြောရင်း ကဗျာကိုစရွတ်တယ်။

"တနင်္ဂနွေဆိုတာကို ငါ မျှော်လိုက်တဲ့ ညနေခင်းတုန်းကပေါ့"

ဂုဏ်ယူနေတဲ့ပုံစံနဲ့ ရွတ်လိုက်တဲ့ ကဗျာစာကြောင်းရဲ့အဆုံးမှာ ထွန်းဇော်က စပ်ဖြီးဖြီးနဲ့ပြုံးတယ်။

"ဘာပြုံးတာလဲကွ . . ."

ထွန်းဇော်ပြုံးတာကိုမြင်တော့ မင်းစိုးက ရင်ခံသွားတဲ့ပုံစံနဲ့ 'ဘာပြုံးတာလဲကွ' လို့ ခပ်ဆောင့်ဆောင့်မေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ထွန်းဇော်က ကလိသလိုပုံစံနဲ့ ခွိုးခနဲတစ်ချက်ရယ်လိုက်ရင်းက . . .

"မင်း စိတ်မဆိုးနဲ့နော် . . ."

လို့ စကားခံတယ် . . . ပြီးတော့မှ . . .

"ဒီလိုကွာ . . . မင်းက တနင်္ဂနွေဆိုတာကို ငါ မျိုချလိုက်တဲ့ ညနေခင်းတုန်းကဆိုတဲ့ စာသားအဆုံးမှာ ငါက တနင်္ဂနွေနံတွေကို ဖျတ်ခနဲ စဉ်းစားမိတယ် . . . မင်း မျိုချမယ်ဆိုတဲ့ တနင်္ဂနွေနံတွေက ဘာလဲပေါ့ . . . တနင်္ဂနွေနံမှာ ရှိတာတွေက 'အ' နဲ့ 'ဥ' ကွာ . . . 'အ' ဆိုတာတွေထဲက ဘာကို မင်းမျိုချမလဲ . . . 'ဥ' ဆိုတာတွေထဲက ဘာကို မင်းမျိုချမှာလဲဆိုပြီး တွေးမိလို့ပါ . . . ဥပမာကွာ . . . ဗိုက်တာမင်အီးတွေ ဘာတွေလားပေါ့ကွာ . . ."

ထွန်းဇော်ရဲ့စပ်ဖြီးဖြီးနဲ့ ပြောတဲ့စကားကြောင့် မင်းစိုးရဲ့ မျက်နှာကြီးက အီးမှုန်ထားသလိုကြီး ဖြစ်သွားတယ်။

"တော်ပြီကွာ . . . ငါ မရွတ်ပြတော့ဘူး . . . မင်းကကွာ . . . ကဗျာကို ကဗျာလိုမခံစားတတ်ဘူး . . . ဒီစာရေးဆြာနဲ့သိပ်မကွာဘူး . . ."

"အင် . . ."

မဆီမဆိုင် ကျွန်တော့်ကိုပါ ဆွဲထည့်တာမို့လို့ ကျွန်တော် 'အင်' ခနဲ ဖြစ်သွားရတယ်။

"ဟ . . . စာရေးဆြာကို ဆွဲမထည့်နဲ့လေ . . ."

ကျွန်တော့်ရဲ့ ပျာပျာသလဲအဆိုကို မင်းစိုးက . . .

"ဘာဖြစ်လို့ ဆွဲမထည့်ရမှာလဲ . . . မင်းလည်း အစောကြီး ငါ ကဗျာစရွတ်ကတည်းက ပြုံးဖြီးဖြီးကြီးနဲ့ ရယ်ချင်နေတာ ငါသိတယ် . . . ဒါပေမယ့် ငါက အနုပညာသမားစစ်စစ်ဆိုတော့ ဘာမှသူ လျှော်လျှော် ဂရုမစိုက်ပါဘူး . . . တစ်ခုတော့ရှိတယ် . . . ငါ့သို



www.burmeseclassic.com

www.burmeseclassic.com



အနုပညာစိတ်ဓာတ်၊ သည်းခံနိုင်တဲ့စိတ်ဓာတ် ပြည့်ပြည့်ဝဝမရှိတဲ့ လူတွေဆီမှာတော့ မင်းတို့ ဒီလိုသွားလုပ်လို့မရဘူးဆိုတာ မှတ်ထား"

တကယ်ကြီး Feel ဖြစ်သွားတဲ့ပုံစံနဲ့ မင်းစိုးက ဆိုတယ်။

"မဟုတ်ပါဘူး . . . မင်းထင်သလို မဟုတ်ဘူး . . တစ်မျိုး မထင်နဲ့ . . . ငါတို့က မင်းရဲ့ကဗျာတွေမိုက်လို့ အမြတမ်း ဒိုင်ခံပြီး နားထောင်ပေးနေကျလူတွေပဲဥစ္စာ . . . နေ့ကွာ . . . ထွန်းဇော်"

ကျွန်တော်က ထွန်းဇော်ကို မသိမသာ မျက်လုံးပြူးပြရင်း မင်းစိုးကို ဆိုဖြစ်တယ်။ မင်းစိုးက ကျွန်တော့်ကို ခပ်စူးစူးကြည့်ရင်း

"မင်းလည်း ငါ့ညီမနဲ့ ဘာလိုလိုကြားတယ် . . . မင်းလို အနုပညာအရေခြုံထားတဲ့ကောင်ကို မစဉ်းစားဖို့ ငါ့ညီမကိုပြောထား ဦးမှပဲ . . ."

"ဟေ . . ."

"မဟေနဲ့ . . . ငါ အတည်ပြောတာ . . . မင်းက အသံပြာ ဆန်တဲ့ စာရေးဆြာပဲ ဖြစ်မယ် . . . အနုပညာဆန်တဲ့ စာရေးဆြာ မဖြစ်နိုင်ဘူး . . . မင်းမှာ အနုပညာကို အနုပညာလို ခံစားတတ်တဲ့ နှလုံးသားမရှိသေးဘူး . . . ဒီတော့ ငါ့ညီမနဲ့မင်းနဲ့ လုံးဝမဖြစ်နိုင် ဘူး . . . ဒီတော့ မီးကိုမလောင်ခင်က တားတဲ့အနေနဲ့ ငါကတော့ ငါ့ညီမကို တားရမှာပဲ . . ."

"ဟာကွာ . . . မင်းကလည်း . . ."

"ငါသွားပြီ . . ."

ကျွန်တော့်စကားကိုတောင် ဆုံးအောင်နားမထောင်တော့ ဘဲနဲ့ သကောင့်သားက ဒေါ်နဲ့မောနဲ့ ထထွက်သွားတယ်။

"တကယ်စိတ်ဆိုးသွားတဲ့ပုံပဲ . . ."

ထွန်းဇော်က အရယ်တစ်ဝက်နဲ့ ဆိုတယ်။

"မင်းက သွားရယ်တာကိုး . . . ရယ်ရုံလေးဆို တော်သေး


www.burmeseclassic.com

www.burmeseclassic.com



တယ် . . . သွားပြီးတော့ နှိပ်ကွပ်ဖြစ်အောင် နှိပ်ကွပ်လိုက်သေး တော့ ပိုဆိုးသွားတာပေါ့ . . . ”

ကျွန်တော် ထွန်းဇော်ကို ခပ်ငေါက်ငေါက်ပဲ ပြောဖြစ်တယ်။

“ဘာလဲ . . . မင်းက သူ့ကို ကြောက်နေလို့လား . . . မပူပါနဲ့ကွာ . . . မင်းရဲ့ ယောက်ဖလောင်းကြီးက မင်းနဲ့သူ့ညီမဖြစ်နေတာ သိသေးပုံမရဘူး . . . ”

ထွန်းဇော်က စပ်ဖြီးဖြီးနဲ့ ကျွန်တော့်ကို နောက်တယ်။

“သူ အခုမသိသေးပေမယ့် တစ်နေ့မဟုတ်တစ်နေ့တော့ သိမှာပဲ . . . သူ သိတာက ပြဿနာမဟုတ်ပေမယ့် သူ့အစ်ကို မင်းတိုး မသိဖို့လိုတယ် . . . ဟိုကောင်သိရင် မလွယ်ဘူး . . . မင်းတိုးက မင်းသိတဲ့အတိုင်းပဲ စကားပြောတာ ရင့်တယ် . . . တော်တန်ရုံလူကို လူထင်တာ မဟုတ်ဘူး . . . ”

“ဟ . . . သူတို့ညီမကိုယူမှာပဲ . . . သူတို့ကို ယူမှာမှမဟုတ်တာ . . . ဘာသိစရာလိုလဲ . . . သိချင်သိပေါ့ . . . ဂရုစိုက်မနေနဲ့”

“စကားအခြေအတင် မပြောချင်လို့ပေါ့ကွာ . . . ”

ကျွန်တော့်စကားကို ထွန်းဇော်က ဘာမှဆက်မပြောတော့ဘူး။ မင်းစိုးမှာ မင်းတိုးဆိုတဲ့ ဘဝင်ရူးရူးနေတဲ့ အစ်ကိုတစ်ယောက် ရှိသေးတယ်။ အဲဒီလူက တကယ့်ဘဝင်ရူး။ ကျွန်တော်ကတော့ အတတ်နိုင်ဆုံးရှောင်လို့ မဆုံဖူးဘူး။ ဆုံလည်း မဆုံချင်ဘူးကိုး။

ဒါပေမယ့် . . .

လောကကြီးမှာ ‘မဆုံချင်လည်း ဆုံရတယ်’ ဆိုတဲ့ သဘောတရားအရ ‘မတွေ့ချင် မြင်လျက်သား’ ဆိုသလိုပဲ ကိုမင်းတိုးနဲ့ ကျွန်တော် ထိပ်တိုက်ကြီးတိုးဖြစ်အောင်ကို တိုးမယ်လို့ မထင်မိပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ စောစောကပြောသလို ကျွန်တော် ရှောင်တဲ့လူကိုး။

www.burmeseclassic.com

www.burmeseclassic.com

၁၂

မသွားချင်ဘဲသွားခဲ့တဲ့ မမေ့သူငယ်ချင်းရဲ့သမီး မင်္ဂလာဆောင်။ အဲဒီ့မှာ 'မတွေ့ချင်မြင်လျက်သား' ဆိုတဲ့ စကားလိုပါပဲ။ ကျွန်တော်ထိုင်နေတဲ့ စားပွဲကို မင်းတိုးနဲ့ သူ့ဘော်ဒါတွေ ရောက်လာကြတယ်။

ရောက်လာဆို စားပွဲလွတ်က ကျွန်တော်နဲ့ အောင်ဝင်းထိုင်နေတဲ့ စားပွဲပဲရှိတော့တာကိုး။

www.burmeseclassic.com

www.burmeseclassic.com



တစ်လမ်းတည်းနေကြတဲ့ လူတွေဆိုတော့လည်း တစ်ဝိုင်းတည်းကြုံလာတော့ မပြုံးပြလို့ မရတော့ဘူး။

လှမ်းပြုံးပြတဲ့ကျွန်တော့်ကို မင်းတိုးက ဝတ်ကျေတန်းကျေ ခေါင်းပြန်ညိတ်ပြတယ်။

သူနဲ့ပါလာတဲ့ သူ့သူငယ်ချင်းတွေကလည်း တူရာတူရာပဲ စုထားတာလား။ တံငါနားနီးလို့ တံငါဖြစ်နေတာလားတော့ မသိဘူး။ အထာတွေက ဘယ်သူ့ကိုမှ လူမထင်တဲ့ပုံစံတွေနဲ့။

"စာအုပ်ရေးနေတုန်းပဲလား . . ."

ဒံပေါက်စားရင်းနဲ့ လှမ်းမေးလာတဲ့ မင်းတိုးကို ကျွန်တော် ခေါင်းပြန်ညိတ်ပြရင်း . . .

"ဟုတ်ကဲ့ . . ."

လို့ ရိုရိုသေသေပဲ ဖြေဖြစ်တယ်။

မင်းတိုးက သူ့သူငယ်ချင်းတွေဘက်လှည့်ပြီး . . .

"သူက စာရေးဆရာလေ . . ."

လို့ ကျွန်တော့်ကို မေးငေါ့ပြရင်းဆိုတယ်။ မိတ်ဆက်ပေးတယ်လို့ ပြောရအောင်ကလည်း နာမည်တွေ ဘာတွေခေါ်ပြီးပြောတာလည်း မဟုတ်ဘူး။

"ဘာတွေ ရေးတာလဲ . . ."

မင်းတိုးသူငယ်ချင်းတစ်ယောက်က ခေါင်းထောင်ရင်းမေးတယ်။ ယဉ်ကျေးမှုအရ အမေးရှိရင် အဖြေရှိရတယ် မဟုတ်လား။ ဒါပေမယ့် သူမေးတဲ့ပုံစံက ဖြေချင်စရာတော့ မကောင်းဘူး။

"ကျွန်တော် အချစ်ဟာသဖန်စီတွေ ရေးတယ် . . ."

အတတ်နိုင်ဆုံးပြုံးရင်း ကျွန်တော်ပြောဖြစ်တယ်။ မင်းတိုးရဲ့ ဘော်ဒါတွေထဲက တစ်ကောင်ကတော့ မသိမသာ မဲ့တဲ့တဲ့လုပ်တယ်။ သဘောက အထင်သေးတဲ့ပုံစံ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှဲ့တဲ့တဲ့ပြုံးတဲ့လူကပဲ . . .

"ကိုယ်ကတော့လေ နည်းပညာစာအုပ်တွေပဲ ဖတ်တော့တခြားစာအုပ်တွေ မဖတ်ဖြစ်ဘူး . . ."

လို့ သူတစ်ယောက်တည်းရေရွတ်သလိုလိုနဲ့ ဆိုတယ်။

"ငါကတော့ မြန်မာဝတ္ထုတွေ ဖတ်ကိုမဖတ်တာ။ ဘာသာပြန်တွေ ဘာတွေလည်း မဖတ်ဖြစ်ဘူး . . . ဘာဖြစ်လို့လဲဆိုတော့ သူတို့ဘာသာပြန်ထားတာကြီးကို ကိုယ်ဘဝင်မကျဘူး . . . ကိုယ့်ဘာသာကိုယ် အင်္ဂလိပ်မူရင်းစာအုပ်တွေ ဖတ်ရတာကိုပဲ ကြိုက်တယ်"

မင်းတိုးက ဆရာကြီးအထာနဲ့ သူ့သူငယ်ချင်းတွေကို လှည့်ပြောတယ်။ စောစောက ကျွန်တော့်ကို 'ဘာတွေရေးတာလဲ' လို့ မေးတဲ့လူက . . .

အေးကွ . . . ငါလည်း မြန်မာဇာတ်ကားတွေဆို လုံးဝမကြည့်ဘူး . . . တစ်ခါလာလည်း မဲပြာပုဆိုးလေ သိတယ်မဟုတ်လား . . . ဇာတ်လမ်းဇာတ်ကွက်တွေက ကြိုသိနေရတာမျိုးဆိုတော့ ကြည့်ရတာ Feel မရှိတာနဲ့ မကြည့်ဖြစ်တာ တော်တော်လေးကိုကြာပြီ"

ဘာကောင်တွေပါလိမ့် . . .

ဟု ကျွန်တော် တွေးနေမိချိန်မှာ အောင်ဝင်းက ခေါင်းငုံ့ရင်း . . .

"ဘိုရူးတွေနဲ့တော့ တွေ့နေပြီ . . ."

လို့ ခပ်တိုးတိုးဆိုတယ်။ မြန်မာစာ စာရေးဆရာရှေ့မှာမှ မြန်မာဝတ္ထု၊ မြန်မာဇာတ်လမ်း၊ ဇာတ်ကွက်တွေကို ပေါ်တင်ကြီးလာရှုတ်ချနေတယ်ဆိုတော့ ဒါ တမင်ဆော်နေတယ်ဆိုတာ အောင်ဝင်းလည်း ရိပ်မိနေပုံရတယ်။

အောင်ဝင်းပုံစံကိုကြည့်ရတာ တစ်ခုခုပြောပြီး ပြန်ဖဲ့တော့မယ့်ပုံ ပေါက်နေလို့ 'ထားလိုက်ပါကွာ' ဆိုတဲ့သဘောနဲ့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အောင်ဝင်းကို မျက်စိမှိတ်ပြဖြစ်တယ်။

ကျွန်တော်ကတော့ ဒါမျိုးတွေကြုံရလွန်းလို့ ရိုးတောင်နေပြီ။ 'စာဆို ဘာစာမှမဖတ်ဘူး . . ပျင်းလို့' ဆိုတဲ့လူတွေ။ မြန်မာသီချင်းနားမထောင်ဘူးဆိုတဲ့လူတွေ တော်တော်လေးကိုစုံနေပြီ။

"ကဲ . . . ကျွန်တော်တို့ကို ခွင့်ပြုပါဦး . . ."

ဒီဝိုင်းမှာဆက်ထိုင်နေရင် တစ်ခုခုတော့ဖြစ်တော့မယ်ဆိုတာကို သိနေလို့ မြန်မြန်လက်စသပ်ပြီး အောင်ဝင်းကို လက်တို့ရင်းထရပ်ဖြစ်တယ်။

ဒီအတိုင်းကြီး ထပြန်သွားရင်လည်း သူတို့နှိပ်ကွပ်တာကို စိတ်ဆိုးသွားပြီလို့ ထင်နေနိုင်တာမို့ တမင်ပြုံးပြရင်း နှုတ်ဆက်ဖြစ်တယ်။

မင်းတိုးက . . .

"ဪ . . . အေး"

လို့ ထုံးစံအတိုင်း ဆရာကြီးအထာနဲ့ခေါင်းညိတ်ပြတယ်။ သတို့သမီးရဲ့အမေကို နှုတ်ဆက်ပြီး ပြန်ခဲ့တဲ့လမ်းတစ်လျှောက်လုံး အောင်ဝင်းက ပေါက်ကွဲပြီးပြန်လာတယ်။

"အလကား ဘဝင်ရူးတွေ . . . ဒီလိုကွ . . . မင်းကို စာရေးဆရာမှန်းသိတော့ အထင်မကြီးဘူးဆိုတာသိအောင် တမင်ဖွဲ့တာ"

"ရပါတယ်ကွာ . . . ကိစ္စမရှိပါဘူး . . . ငါက ကြုံရတာများလို့ ရိုးနေပြီ . . . ဘယ်အလုပ်မဆို အဝေဖန်၊ အကဲ့ရဲ့တတော့ မလွတ်တတ်ပါဘူး . . . သူတို့လက်တစ်ဆုပ်စာလောက် မဖတ်သို့လည်း ငါတို့က ပြိုလဲသွားမှာမှ မဟုတ်တာ . . . ပြောကြပါစေ . ."

ကျွန်တော့်စကားကို အောင်ဝင်းက . . .

"ငါကတော့ သည်းမခံနိုင်ဘူး . . ."

လို့ ခပ်ဆောင့်ဆောင့် ရေရွတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကတော့ ကောင်မလေးတို့ရဲ့ အသိုင်းအဝိုင်းဘက်က ဆွေမျိုးတွေကိုကြည့်ပြီး ရင်လေးသွားမိတယ်။

ကြားမိသလောက် ကောင်မလေးရဲ့အဖေကလည်း အဆင့်အတန်း အတော်လေးခွဲခြားတတ်တဲ့လူလို့ ဆိုတာကိုး။

အဲဒီ့လို လူမျိုးတွေက အနုပညာအလုပ်လုပ်တဲ့လူတွေကို ဘယ်လိုမှ အမြင်ကြည်နိုင်မှာမဟုတ်ဘူးဆိုတာ ကြိုတွက်မိနေတယ်။

ဘာရယ်မဟုတ်ဘူး။ သက်ပြင်းကို ဟင်းခနဲချဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"**မင်း**က စာကို ညဘက်ပဲ ရေးတာပဲလား . . ."

ထွန်းဇော်ရဲ့အမေးကို ကျွန်တော် ခေါင်းညိတ်ပြဖြစ်တယ်။

"ဘယ်အချိန်ထိရေးလဲ"

"ပုံမှန်တော့မရှိပါဘူး . . . ညဆယ့်တစ်နာရီ . . ဆယ့်နှစ်နာရီလောက်ထိပေါ့ . . . တစ်ခါတလေ

www.burmeseclassic.com

www.burmeseclassic.com



ကျတော့လည်း မိုးလင်းတဲ့အထိ ရေးဖြစ်တယ် . . .”

ကျွန်တော့်စကားကို အောင်ဝင်းက ခေါင်းတဆတ်ဆတ် ညိတ်တယ်။

ပြီးတော့ ခွီးခနဲရယ်လိုက်ရင်း ကျွန်တော့်ကို မေးငေါ့ပြီး . .

“ဒါဆိုရင်တော့ မင်းကို အကူအညီတောင်းလို့ရပြီ . . .”

လို့ ခပ်သွက်သွက်ဆိုတယ်။

“ဘာအကူအညီတောင်းမလို့လဲ . . .”

ကျွန်တော့်အစား ထွန်းဇော်က အောင်ဝင်းကို မေးတယ်။

“ဒီလိုကွာ . . . ငါ့အိမ်ကို ဆယ်ရက်လောက် ငါနဲ့လာအိပ် ခိုင်းမလို့ . . .”

အောင်ဝင်းက စပ်ဖြီးဖြီးနဲ့ဆိုတယ်။

BURMESE CLASSIC

“ဘာဖြစ်လို့တုံး . . .”

ထွန်းဇော်က မျက်မှန်ကုတ်ရင်း ကျွန်တော့်ကိုယ်စားမေး ပေးပြန်တယ်။

“ဒီကောင်က မိုးအလင်း စာရေးတယ်ဆိုလို့ပါ . . .”

“အေးလေ . . . အဲဒါ ဘာဖြစ်လဲ . . .”

ထွန်းဇော်က အောင်ဝင်းကို မေးပြန်တယ်။

“ဒီလိုကွာ . . . ဒီကောင်က ညလုံးပေါက်စာရေးတယ်ဆို တော့ ငါတို့အိမ်က ညစောင့်ခွင့်ယူသွားတဲ့ ဆယ်ရက်ကို လာအိပ်ခိုင်း တော့ ညစောင့်အစားရသလိုပဲ မဟုတ်လား . . . အဟီး . . .”

ပြောပြီး အောင်ဝင်းက တခွီးခွီးနဲ့ရယ်တယ်။ ထွန်းဇော်က ပါ ‘ခွေးကောင်’ လို့ ဆဲရင်း အောင်ဝင်းနောက်ကို လိုက်ရယ်တယ်။

ခံလိုက်ရတာမို့ ကျွန်တော်လည်း ရှက်ရှက်နဲ့လိုက်ရယ်ဖြစ် တယ်။ စာရေးဆရာစဖြစ်လိုက်ပါပြီဆိုကတည်းက မရိုးအောင်နှိပ် ကွပ်ခံနေရတာတွေထဲက ဆန်းသစ်တဲ့ကိစ္စတစ်ခုဖြစ်နေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . အဲဒါနဲ့ စကားမစပ် . . . မင်းက စာရေးဆရာ ဆိုတော့ အကူအညီတစ်ခု တောင်းရဦးမယ် . . ."

ထွန်းဇော်က လက်ဖျစ်တီးပြီး စကားမစပ်လို့ဆိုတယ်။

"မျက်ခုံးတော့ ခပ်လှုပ်လှုပ်ပဲ . . ."

ကျွန်တော့်ရဲ့ခေါင်းကုတ်ရင်းပြောတဲ့စကားကို ထွန်းဇော်က "အတည်ပြောနေတာ . . . နောက်နေတာမဟုတ်ဘူး"

လို့ ဆိုတယ်။

ဒါပေမယ့် နောက်နေတာမဟုတ်ဘူးလို့ဆိုတဲ့ သူ့မျက်နှာကိုက ပြောင်စပ်စပ်ကြီးဖြစ်နေတော့ အတည်ပြောနေတယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပြန်ဘူးလို့ စိတ်ထဲမှာ အလိုလိုကိုသိနေတယ်။

"ဒီလိုကွာ . . . မင်းက စာရေးဆြာဆိုတော့ ပိုရေးတတ်မှာပေါ့ . . . ငါက သိပ်မကျွမ်းကျင်လို့ ဟိုဟာလေးပါကွာ . . . ရေးပေးဖို့ အကူအညီတောင်းချင်လို့ပါ . . ."

ထွန်းဇော်က ပြောင်စပ်စပ်ဖြစ်နေတဲ့ သူ့ရုပ်သူ တည်အောင် ထိန်းရင်းဆိုတယ်။

"အေးပါ . . . နှိုပ်ကွပ်မှာသာ နှိုပ်ကွပ်ပါ . . . အဲလေ . . . ပြောမှာသာ ပြောပါ . . ."

"ဟိုဟာလေး . . ရေးခိုင်းချင်လို့ပါ . . . မင်းက စာရေးဆြာ ဆိုတော့ ပိုရေးတတ်မှာမို့လို့ . . ."

လို့ ထွန်းဇော်က ထပ်ပြီးဆိုတယ်။

"အေးပါ . . . ပြောမှာသာပြောပါ . . . ဘာရေးခိုင်းမလို့ လဲ . . ."

အောင်ဝင်းက တစ်ချိန်လုံးငြိမ်နေရာက ထပြီးဆိုတယ်။

"ဩော် . . . ဘာရယ်မဟုတ်ပါဘူး . . . အိမ်သာတ[illegible] တိုင်း ရေလောင်းပါ ဆိုတာလေး အိမ်သာတံခါးမှာ ရေးခိုင်းချင်လို့

www.burmeseclassic.com



ထွန်းဇော်က ပြောပြီးခွီးခနဲရယ်တယ်။ ကျွန်တော်က ရုတ်တရက်ကြောင်သွားပြီးမှ . . .

"ငါ ထဆဲလိုက်ရ . . ."

လို့ပြောရင်း ထွန်းဇော်ပခုံးကို ခပ်ဖွဖွထိုးဖြစ်တယ်။

"ဘာရယ်မဟုတ်ပါဘူး . . . မင်းက စာရေးဆြာဆိုတော့ ပိုပြီးရေးတတ်တယ်ထင်လို့ပါ . . ."

လို့ပြောပြီး ထွန်းဇော်က အားရပါးရ ရယ်တယ်။ အောင်ဝင်းကဆို မျက်ရည်ထွက်တဲ့အထိကို ရယ်တာ။

ဒီလိုပါပဲ စာရေးဆြာဖြစ်ပါပြီဆိုကတည်းက ခင်တဲ့လူကစလိုက်၊ မခင်တဲ့လူက တီးလိုက်နဲ့ အနှိပ်ကွပ်ခံနေရတာတွေက တစ်မျိုးပြီးတစ်မျိုး ရိုးကိုမရိုးနိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



**တနင်္ဂနွေ**ထဲမှာတော့ အသာယာဆုံးတနင်္ဂနွေ‌ပေါ့ ပြောလို့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်နဲ့ ချိန်းရာကိုလာတဲ့ ကောင်မလေးက ခါတိုင်းနဲ့မတူ ပိုပြီးတော့လှနေတာကိုး။

"မှတ်တောင် မမှတ်မိချင်ဘူးကွာ . . . ကိုယ့်ချစ်သူက ဒီနေ့ အရမ်းလှနေပါလား . . ."

ကျွန်တော့်စကားအဆုံးမှာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ရှက်ဝဲဝဲနဲ့ ကျွန်တော့်ပခုံးကို ခပ်ဖွဖွရိုက်ရင်း 'အပိုတွေ' လို့ ခပ်ချွဲချွဲဆိုတယ်။

အပိုတွေလို့ နှုတ်ကပြောနေပေမယ့် မျက်နှာကြီးကတော့ ပြုံးလို့။ တကယ်ပါပဲဗျာ။ ရှက်ဝဲဝဲပြုံးနေတဲ့ ကျွန်တော့်ချစ်သူရဲ့ ရှက်ပြုံးက ဘယ်သူပြုံးပြုံး တစ်ကမ္ဘာလုံးက လိုက်တုလို့မရတဲ့ အလှဆုံး အပြုံးပါပဲ။

အဲ . . . ကျွန်တော့်အတွက်ပြောတာပါ။

"ဆံပင်လေးက ဖြောင့်စင်းပြီး အနံ့လေးက သင်းနေတာပဲ . . . မောင် ဝယ်ပေးထားတဲ့ ရှန်ပူနဲ့လျှော်ထားတာလား . . ."

ကျွန်တော့်အမေးကို ရှက်အမ်းအမ်းနဲ့ ခေါင်းညိတ်ပြနေတဲ့ ကောင်မလေးက ကျွန်တော့်ပခုံးပေါ်ကို ခပ်ဖွဖွလေးမှီထားတယ်။

ချစ်သူရဲ့ပခုံးကိုပွေ့ဖက်ထားရင်း ကျွန်တော့်ရင်ထဲမှာ အလိုလိုပျော်နေတယ်။ တိုက်ခတ်နေတဲ့ လေညင်းက ချစ်သူ့ဆီက ဆံနွယ်ရနံ့ခပ်သင်းသင်းကို သယ်ဆောင်လာပေးတယ်။

ကျွန်တော့်ပခုံးကို မှီထားတဲ့ချစ်သူရဲ့နဖူးကို ခပ်ဖွဖွနမ်းတော့ ကောင်မလေးက ရှက်ကိုးရှက်ကန်းနဲ့ ကျွန်တော့်ကို ဆွဲဆိတ်တယ်။

"ဘာရယ်မဟုတ်ပါဘူး . . . ကိုယ့်ချစ်သူ ဘာလိမ်းထားလဲ ဆိုတာ သိချင်လို့ . . . အဟဲ . . ."

ရယ်ကျဲကျဲနဲ့ပြောတဲ့ ကျွန်တော့်စကားအဆုံးမှာ ကောင်မလေးက 'လူလည်' ဆိုတဲ့ပုံစံနဲ့ မျက်စောင်းထိုးတယ်။

"သနပ်ခါးလိမ်းထားတာ မြင်နေရဲ့သားနဲ့များ လူလည်မကျပါနဲ့ . . ."

ကောင်မလေးက ကျွန်တော့်ကိုဆွဲဆိတ်ရင်း ဆိုတယ်။

"သနပ်ခါးမှန်းတော့ သိတာပေါ့ . . . ဒါပေမယ့် ရွှေဘိုတောင်စစ်ရဲ့လား . . . သိချင်လို့ . . ."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြောင်ချော်ချော်နဲ့ဆိုဖြစ်တယ်။

"ရှင်မတောင်စစ်လိုက်သမျှ စစ်စစ် စစ်စစ်နဲ့တောင် မြည်နေသေးတယ် . . . မေမေ လက်ဆောင်ရထားတာ . . ."

ကောင်မလေးက မျက်နှာကိုမော့ရင်းဆိုတယ်။

"ရှင်မတောင်စစ်လား၊ မစစ်လား အတည်ပြုလို့ရအောင် နောက်တစ်ခေါက် နမ်းကြည့်မယ်လေ . . . သေချာသွားအောင်လို့"

"ရတယ် . . . ရတယ် . . . ထားလိုက် . . . ရှင်မတောင် မစစ်လည်း ပြဿနာမရှိဘူး . . . သနပ်ခါးစစ်ရင် ပြီးတာပဲ . . ."

ကောင်မလေးက ပါးနှစ်ဖက်ကို လက်ဝါးနဲ့အုပ်ရင်း ခေါင်းကိုဘယ်ညာရမ်းရင်း ငြင်းတယ်။

"သနပ်ခါး မစစ်ဘူး ထင်တယ် . . ."

လို့ ပြောင်ချော်ချော်နဲ့ ကျွန်တော်ဆိုတော့ ကောင်မလေးက . . .

"စစ်မှစစ် . . ."

လို့ ပြန်ပြောတယ်။

"သေချာလို့လား . . ."

"သိပ်သေချာတာပေါ့ . . ."

"အတည်ပြုပေးရမလား . . ."

"သွားပါ . . ."

"သနပ်ခါးမစစ်ရင် ကိုယ့်ချစ်သူရဲ့မျက်နှာမှာ အဖုအပိန့်တွေ ထွက်လာမှာစိုးလို့ . . . စေတနာနဲ့ ပြောတာပါ . . . အတည်ပြုပေးမယ်လေ . . ."

"ကျေးဇူးတင်ပါတယ်ရှင် . . . အားနာစရာကြီး . . . ကျွန်မအိမ်ရောက်တော့မှ အမေ့ကို အတည်ပြုခိုင်းလိုက်ပါ့မယ် . . ."

ကောင်မလေးကလည်း ခေသူမဟုတ်တော့ ဆင်ခြေ

www.burmeseclassic.com



ရှောင်စကားကို ပြောတတ်တယ်။

"ညီမလေးရဲ့ အမေ ပင်ပန်းနေပါ့မယ် . . . ပြီးတော့ လူကြီးဆိုတာက အနံ့အသက်တွေ သိပ်မခံတတ်တော့ဘူး မဟုတ်လား"

"အောင်မာမာ . . ."

ပြောရင်း ကောင်မလေးက ကျွန်တော့်ကို ဆွဲဆိတ်ပြန်တယ်။

"တကယ်တော့ သနပ်ခါးစစ်လား၊ မစစ်လား မေးနေစရာတောင် မလိုပါဘူး . . . ညီမလေးရဲ့ဘယ်ဘက်ပါးမှာ ထွက်နေတဲ့ ဝက်ခြံအကြီးကြီးကို ကြည့်ပြီးတော့ ညီမလေးရဲ့သနပ်ခါးအကြောင်း ကိုယ်က သိနေပြီ . . ."

"အမ် . . . ဘယ်ဘက်ပါးမှာ ဝက်ခြံ . . . အာ . . . ဘာမှ မရှိပါဘူး . . ."

ကောင်မလေးက စောစောက လက်ဝါးနဲ့အုပ်ထားတဲ့ ဘယ်ဘက်ပါးကို ပွတ်ကြည့်ရင်းဆိုတယ်။

"ရှိပါတယ်ဆို . . ဝက်ခြံမှ အကြီးကြီးပဲ . . ."

"ဘယ်မှာလဲ ပြ . . ."

ကောင်မလေးက ခေါင်းကို ရုတ်တရက်မော့ရင်း 'ပြ' လို့ ဆိုတယ်။ သူ့ခမျာ အညာခံရတာတောင် မသိသေးဘူး။

မော့နေတဲ့ ညီမလေးရဲ့ ဘယ်ဘက်ပါးကို ခပ်ဖွဖွနမ်းတော့ ကောင်မလေးက အဲဒီ့တော့မှ သူ အလိမ်ခံရတာကိုသိပြီး . . .

"လူလည် . . . လူလည် . . ."

လို့ ပြောရင်း ကျွန်တော့်ကို ဆွဲဆိတ်ပြန်တယ်။

"လူလည်ကျတာ မဟုတ်ဘူးဗျ . . . ဒီကကောင်က ညီမလေးရဲ့ ဝက်ခြံကိုပျောက်သွားအောင် မန်းမှုတ်ပေးတာ . . စေတနာတွေလေ . . . စေတနာတွေ . . . ဟော . . . အခုကြည့် . . . ညီမလေးရဲ့ မျက်နှာပေါ်မှာ ဘာဝက်ခြံမှ ဘာအဖုအပိန့်မှ မရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်ရှိမှာလဲ . . . အစောကြီးကတည်းက ရှိမှမရှိတာ”

ကောင်မလေးက ကျွန်တော့်ကို မျက်စောင်းကြီးထိုးရင်း ဆိုတယ်။

“အေးလေ . . . စောစောက ဝက်ခြံဆိုတာ ကိုယ်မျက်စိမှား သွားတာ ဖြစ်မှာပါ . . . စာရေးတာများလို့လား မသိဘူး . . . အခု တလော မျက်စိတွေ ဝေဝါးနေတယ် . . . အဟဲ . . . Sorry နော်”

“မုန်းစရာကြီး . . . ယောကျ်ားဖြစ်နေပြီးတော့ စကားကို အမျိုးမျိုး ပြောတတ်တယ် . . .”

စပ်ဖြီးဖြီးနဲ့ဆိုတဲ့ ကျွန်တော့်ကို ကောင်မလေးက ‘မုန်းစရာကြီး’ လို့ ဆိုတယ်။

“နောက်ဆိုရင် မျက်စိမျက်မှန်လေးစမ်းသပ်ပြီးမှ လာ . .”

“ဟုတ်ကဲ့ . . .”

“တော်ကြာ ဝက်ခြံတွေ ခဏ ခဏ မြင်နေမှာစိုးလို့”

“အေးပါ . . .”

ပြောင်ချော်ချော်နဲ့ ‘အေးပါ’ ဆိုတဲ့ ကျွန်တော့်စကားအဆုံးမှာ ကောင်မလေးက ရှက်ဝဲဝဲနဲ့ မျက်စောင်းထိုးပြန်တယ်။

ဘယ်သူဘာပြောပြော ကျွန်တော့်ကောင်မလေးထိုးတဲ့ မျက်စောင်းက ဂန္ထဝင်ဆန်တယ်။ ဒီလို ရှက်ဝဲဝဲမျက်စောင်းမျိုးကို တော်တန်ရုံအော်စကာဆုရထားတဲ့ ဟောလီးဝုဒ်မင်းသမီးတောင် ချစ်စရာကောင်းအောင် ထိုးတတ်မှာမဟုတ်ဘူး။

အဟုတ်ပြောတာ . . .

www.burmeseclassic.com

www.burmeseclassic.com



**ဒေါ်ကြီး**မောကြီးနဲ့ ကျွန်တော်တို့ ထိုင်နေတဲ့ဝိုင်းကို လျှောက်လာနေတဲ့ မင်းတိုးကိုကြည့်ပြီး ဇာစ်ခုခုတော့ ရှော့ခ်ရှိပြီဆိုတာ ကျွန်တော်တွက်မိလိုက်တယ်။

ကြည်ပြာနဲ့နုနုက ကျွန်တော့်ကို 'မင်းတိုးလာနေတယ်' ဆိုတဲ့ ပုံစံမျိုးနဲ့ သကောင့်သားလာရာဘက်ကို မေးငေါ့ရင်း မသိမသာ နှာခေါင်းရှုံ့ပြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူကမှ မကြိုဆို၊ နေရာမပေးပေမယ့် ဆရာသမားတာ သူတို့ဝိုင်းကထိုင်ခုံကို ခပ်ကြမ်းကြမ်းဆွဲယူပြီး ထိုင်တယ်။

"နင်တို့က မတားကြဘူးလား . . ."

ဆိုင်းမဆင့်၊ ဗုံမဆင့်နဲ့ ကြည်ပြာတို့နှစ်ယောက်ကိုကြည့်ပြီး သကောင့်သားက ခပ်ဆတ်ဆတ်မေးတယ်။

"ဘာလဲဟင် . . . ကိုမင်းတိုးကလည်း အစမရှိ အဆုံးမရှိနဲ့ ကြည်ပြာတို့က ဘာကိုတားရမှာလဲ . . ."

ကြည်ပြာက ကြောင်တောင်တောင်နဲ့မေးတယ်။

နုနုက . .

"ဟုတ်ပါ့ . . ."

ဆိုတဲ့ သဘောနဲ့ ခေါင်းကို ခပ်ဆတ်ဆတ်ညိတ်ပြတယ်။

"ငါ့ညီမ နင်တို့သူငယ်ချင်းက ဒီစာရေးဆရာနဲ့ဖြစ်နေတယ် ဆိုတာ နင်တို့မသိဘဲနေမလား . . . သိတာနဲ့ နင်တို့က သူငယ်ချင်း ကောင်းပီပီ တားရမှာပေါ့ . . ."

ဖျန်းခနဲ ကျွန်တော် မျက်နှာပူသွားရတယ်။ ဘာလိုင်းကြီးပါ လားလို့တွေးရင်း တင်းခနဲ ဖြစ်သွားတယ်။

"ခင်ဗျားပြောတဲ့ပုံစံက ကျွန်တော်ကပဲ သူခိုးဂျပိုးကျနေတာ ပဲ . . . ဘာဖြစ်လဲဗျာ . . . သူလည်း အပျို၊ ကျွန်တော်လည်း လူပျို ပဲ . . . အပျို၊ လူပျိုကြိုက်ကြတာ ဆန်းလား . . ."

"ဆန်းတော့မဆန်းဘူးပေါ့ကွာ . . ဒါပေမယ့်လည်း ဘယ် အစ်ကိုကမှ ကိုယ့်ညီမတို့ အလုပ်အကိုင်မရှိတဲ့ လူပျိုနဲ့ဖြစ်စေချင်မှာ တုံး . . ."

မင်းတိုးရဲ့စကားကို 'ဘာဗျ' လို့ ကျွန်တော် ပြန်အော်ဖြစ် တယ်။ နုနုက ကျွန်တော့်လက်ကို ဆွဲထားတယ်။

သဘောက 'စိတ်လိုက်မာန်ပါ မလုပ်နဲ့' ဆိုတဲ့သဘော။



www.burmeseclassic.com

www.burmeseclassic.com



"သူက စာရေးဆရာလေ ကိုမင်းတိုးရဲ့ . . . အလုပ်မရှိ၊ အကိုင်မရှိ မဟုတ်ပါဘူး . . ."

ကြည်ပြာက နည်းနည်းမာနေတဲ့လေသံနဲ့ မင်းတိုးကို ဆိုတယ်။

"အလုပ်မရှိတာနဲ့ သိပ်မကွာပါဘူး . . အောင်မြင်သယောင်ရှိနေတဲ့အချိန်တော့ ဟုတ်တာပေါ့ . . . ကျရှုံးတဲ့အချိန်ကျတော့ လမ်းဘေးရောက်ပြီး အလုပ်မရှိ အကိုင်မရှိဖြစ်မှာပဲ . . . သူ့မှာ ခိုင်မာတဲ့ စီးပွားရေးလုပ်ငန်းမှ မရှိတာ . . . ဟုတ်တယ် မဟုတ်လား . . "

မင်းတိုးက ကြည်ပြာ့ကို ချက်ချင်းပြန်ချေပတယ်။ ကြည်ပြာရော၊ နုနုပါ ပါးစပ်တွေဟရင်း ဘာပြန်ပြောရမှန်းမသိ ဖြစ်နေကြတယ်။

"ကဲ . . . ကိုမင်းတိုး . . . ပြောစရာရှိတာ ပြောင်ပြောဗျာ . . . ခင်ဗျား ဘာကိုပြောချင်တာလဲ . . ."

ဆက်ပြီး မျက်နှာချင်းဆိုင် စကားမပြောချင်တော့တာမို့ ကျွန်တော် ခပ်ဆတ်ဆတ်ပဲ စိုက်ကြည့်ရင်းမေးဖြစ်တယ်။

"လူဆိုတာ ကိုယ်နဲ့တန်ရာတန်ရာကိုပဲ မျှော်မှန်းသင့်တာပေါ့ကွာ . . . ငါကလည်း မင်းနဲ့ငါ့ညီမကို သဘောမတူဘူး . . . မရရအောင် တားရ၊ ဖျက်ရမှာပဲ . . .

ငါတို့အမျိုးထဲမှာ သူတစ်ယောက်ပဲ မိန်းကလေးရှိတာဆိုတော့ တင့်တင့်တယ်တယ်ရှိတဲ့ စီးပွားရေးလုပ်ငန်းရှင် သူဌေးတစ်ယောက်ယောက်နဲ့ပဲ ပေးစားနိုင်မယ် . . ."

"စော်ကားလှချည်လား . . ."

လို့ တွေးမိပေမယ့် ကျွန်တော် အစွမ်းကုန်ဆုံး ကိုယ့်ဒေါသကို ကိုယ်ကြိုးစားပြီး ထိန်းဖြစ်တယ်။ ဒီလူကို နည်းနည်းလောက်တော့ နှိပ်ကွပ်မှဖြစ်တော့မယ်လို့လည်း တစ်ဆက်တည်းတွေးမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းတိုးက သူဌေးတွေကိုပဲ အထင်ကြီးအားကျတယ် ထင်တယ် . . ."

"ဒါပေါ့ တစ်ကမ္ဘာလုံး ဘယ်နယ်ပယ်ကိုပဲကြည့်ကြည့် . . . မီလျံနာတိုင်းကိုပဲ အားကျတယ်၊ လေးစားတယ် . . . သူတို့ကိုပဲ စံပြထားပြီး ကြိုးစားတယ် . . . ဒါကြောင့် ဒီအချိန်မှာ ကိုယ်ပိုင်အလုပ်ရှိတဲ့ လူတစ်ယောက်အဖြစ်နဲ့ ရပ်တည်နေနိုင်တာပေါ့ . . ."

"ကျွန်တော်ကတော့ မီလျံနာတွေကို အားမကျဘူး . . ."

ခပ်သွက်သွက်ပဲ ပြန်ပြောလိုက်တဲ့ ကျွန်တော့်စကားအဆုံးမှာ ဆရာသမားကကြောင်ပြီး ကျွန်တော့်ကို ကြည့်တယ်။

"ဟိုရှေ့တလောက ဂျာနယ်တွေမှာ ဖတ်လိုက်ရတယ် . . . မီလျံနာသူဌေးမကြီးက သူသေခါနီးတော့ သူ့သေတမ်းစာထဲမှာ သူ့ရဲ့ အမွေတွေအားလုံးကို သူ့ရဲ့ခွေးလေးကို ပေးခဲ့တယ်တဲ့ . . ."

"အဲဒါ ဘာဖြစ်လဲ . . ."

ဆရာသမားက နားမလည်သလိုနဲ့ မေးတယ်။

"ဘာဖြစ်ရမှာလဲ . . . သူဌေးမကြီးသေတော့ သူ့ရဲ့ခွေးက ချက်ချင်းလက်ငင်း မီလျံနာသူဌေးကြီးဖြစ်သွားတယ်လေ . . . ကိုမင်းတိုးက စောစောကပဲ မီလျံနာတိုင်းကို လေးစားတယ်လို့ ပြောခဲ့တယ်မဟုတ်လား . . ဒါဖြင့် ကိုမင်းတိုး လေးစားတဲ့ မီလျံနာလောကမှာ စောစောက ခွေးလည်း ပါမှာပေါ့နော် . . ."

"မင်း စကားပြောတော်တော်ရင့်ပါလား . . ."

"ကျွန်တော်ပြောတဲ့အထဲမှာ မုသားမပါပါဘူးဗျာ . . . တကယ်ပါ . . ."

"တော်စမ်းပါ . . ."

ဆရာသမားက 'တော်စမ်းပါ' လို့ ခါးခါးသီးသီးဆိုထင်

"ကျွန်တော်ကတော့ စာရေးဆရာတွေ၊ ကျောင်းဆရာတို့



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်တို့လို လူတွေပဲရှိတဲ့ အလွှာမှာပဲ နေချင်တယ် . , . သူတို့ကို အားကျတယ် . . . ခွေးတွေတောင် ဖြစ်ခွင့်ရတဲ့ မီလျံနာတော့ မဖြစ်ချင်ပေါင်ဗျာ . . . "

"မင်း . . . "

သကောင့်သားက 'မင်း' လို့ ရေရွတ်ရင်း ဘာဆက်ပြောရမှန်းမသိရလောက်အောင်ကို ဒေါသထွက်လို့နေရဲ့။

ကြည်ပြာနဲ့နုနုကတော့ မသိမသာခေါင်းငုံ့ရင်း တခွိခွိနဲ့ ခိုးရယ်တယ်။ ဆရာသမားက တက်ကိုခပ်ပြင်းပြင်း တောက်ခနဲခေါက်ပြီး ဝုန်းခနဲ ထထွက်သွားတယ်။

ဒေါနဲ့မောနဲ့ထွက်သွားတဲ့ ကိုမင်းတိုးကိုကြည့်ပြီး ကြည်ပြာက . . .

"စာရေးဆြာရဲ့စကားလုံးတွေ တော်တော့်ကိုထိမိတာပဲ . . . ဘာပဲပြောပြော စကားနဲ့ကတော့ လုံးဝတိုက်ထုတ်လိုက်နိုင်တယ် . . . သူ့ကို တစ်သက်လုံးနိုင်ချင်ရင်တော့ သူ့ညီမကို မြန်မြန်ယူနိုင်အောင်သာ ကြိုးစား . . . "

"အေး . . . နင်မခိုးရဲရင် ငါနဲ့ကြည်ပြာနဲ့ ခိုးပေးမယ် . . "

နုနုကပါ လက်သီးလက်မောင်းတန်းရင်း ဆိုတယ်။ နုနုရဲ့စကားကြောင့် ဘာရယ်မဟုတ်ဘူး . . . ကျွန်တော်တို့သုံးယောက်သား ရယ်ဖြစ်ကြတယ်။

ဇော် ဝင် မြို့ မ စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



မြစ်တစ်စင်းအတွက်

နောင်တဆိုတာ မရှိဘူး။

ပင်လယ်ကိုကူးဖို့

သူ့ရင်ထဲက သွေးတွေက

အမြဲတမ်း

မြင့်ရာက နိမ့်ရာကို စီးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကြည်ပြာ တို့ပြောပြလို့ သိပြီးပါပြီ . . . ကိုမင်းတိုးရဲ့ကိုယ်စား ညီမလေး တောင်းပန်တယ် သိလား . . ."

"အာ . . . တောင်းပန်စရာမလိုပါဘူး . . ."

"လိုတာပေါ့ . . . စာရေးဆရာဆိုတာ အလုပ်မရှိ အကိုင်မရှိနဲ့ အတူတူပဲလို့တောင် ပြောတယ်ဆို . . . ကိုကြီးမင်းတိုးက တော်တော်ဆိုးတာပဲ . . ."

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် . . . ဘယ်သူတွေ ကိုယ့်ကို ဘယ်လိုပဲတိုက်ခိုက် တိုက်ခိုက် . . . ညီမလေး ကိုယ့်ကို နားလည်ရင် ပြီးတာပဲ . . ."

ကျွန်တော့်စကားအဆုံးမှာ ကောင်မလေးက . . .

"နားလည်မှုအပြည့်အဝပေးပြီးသားပါနော် . . ."

လို့ ခပ်ချွဲချွဲဆိုတယ်။

"ကိုယ် စိုးရိမ်တာ တစ်ခုပဲရှိတယ် . . ."

"ဘာကိုလဲ . . ."

"ညီမလေးရဲ့အဖေကို သူသွားပြီး ချွန်မှာကိုပေါ့ . . ."

ကျွန်တော့်စကားကို ကောင်မလေးက ဘာထင်မြင်ချက်မှ မပေးဘူး။

"သူက ညီမလေးနဲ့ အစ်ကို့ကို မရရအောင်ဖျက်မယ်လို့လည်း ကြိမ်းဝါးသွားသေးတယ် . . ."

"အို . . . ကိုကလည်း သူ ဖျက်ရင် ကိုက လွယ်လွယ်နဲ့ ပျက်မယ့်လူမို့လို့လား . . ."

ညီမလေးက ကျွန်တော့်ကို နှုတ်ခမ်းတင်းတင်းစေ့ရင်း မေးတယ်။

"အစ်ကို့ဘက်က ဘယ်တော့မှပျက်သွားစရာ အကြောင်းမရှိဘူး . . . အဲဒီ့လိုပဲ ညီမဘက်ကလည်း မပျက်နိုင်ဘူးဆိုတာ ကိုယ်ယုံတယ် . . . ညီမလေးကို စောင့်နိုင်းထားရတာ အားနာတယ်ကွာ . . ဘာပဲဖြစ်ဖြစ် ကိုယ်တို့က ဒီအရွယ်မှာ လက်ထပ်ကြဖို့ သင့်နေပြီ"

"ရပါတယ် ကိုရယ် . . . ကို စိတ်မကောင်းမဖြစ်နဲ့နော် . . . ညီမလေးကလေ . . . အစ်ကို့ကို တစ်နှစ်တည်းမှ မဟုတ်ဘူး . . . ဆယ်နှစ်စောင့်ဆိုလည်း စောင့်မယ် သိလား . . ."

ကောင်မလေးက ကျွန်တော့်ပခုံးကို မှီနွဲ့ရင်းဆိုတဲ့စကားက ကျွန်တော့်အတွက်တော့ အားဆေးတစ်ခွက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



စံပယ်တွေ ပွင့်ဖူးဖို့

တနင်္လာနေ့ကို

တံခါးခေါက်ဖို့ လိုလို့လား

??????

www.burmeseclassic.com

www.burmeseclassic.com



"**အဲဒါ**မျိုးကမှ ပိုရင်ခုန်ဖို့
ကောင်းတာလေ . . သူ့ညီမနဲ့ သဘော
မတူဘူးဆိုတဲ့ ယောက်ဖကို မရရ
အောင်သာ ယောက်ဖတော် ပစ် . .
နောက်ပြီးတော့ နေ့တိုင်း ပါးစပ်အရ
သာခံပြီး ယောက်ဖ၊-ယောက်ဖနဲ့သာ
ခေါ်ပေး . . . . အမြဲတမ်း တနုံ့နုံ့နဲ့
ကြေကွဲနေအောင် . . ."

ထွန်းဇော်က အံကြိတ်ရင်း
ခံစားချက်အပြည့်နဲ့ဆိုတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ငါကလည်း သူ့ကို ဂရုမစိုက်ချင်ပါဘူး . . . ဒါပေမယ့် ညီမလေးရဲ့အဖေကပါ ငါ့အပေါ် အမြင်မကြည်မလင်ဖြစ်အောင် သွားချွန်မှာကိုပဲ စိုးရိမ်တာ . . ."

ကျွန်တော့်စကားအဆုံးမှာ အောင်ဝင်းကလက်ကာပြတယ်။

"ဘာမှစိုးရိမ်မနေနဲ့ စာရေးဆြာ . . . လာမယ့်ဘေး ပြေး သာတွေ့လိုက် . . . ကုန်ကုန်ပြောမယ်ကွာ . . . အသာတကြည် ပြေပြေလည်လည်နဲ့ ညှိနှိုင်းလို့မရရင် ခိုးသာပြေး . . . မင်းရည်းစားရဲ့အသက်က နှစ်ဆယ်အောက်မှ မဟုတ်တာ . . . သူ့ဘက်ကသာလိုက်ရဲရင် ခိုးသာပြေး . . ."

အောင်ဝင်းက 'ခိုးသာပြေး' လို့ပြောပေမယ့် ကျွန်တော်ကတော့ ကိုယ့်အကြောင်းနဲ့ကိုယ်မို့ သက်ပြင်းကိုပဲ ချဖြစ်တယ်။

"အဲဒီ့အချိန်ကျရင် ငါတို့ကိုလာတိုင်ပင်ကွာ . . . ဟိုသီချင်းထဲကလိုပေါ့ . . . မမလေးကို မောင်လာခိုးဖို့ လူဆိုးတွေနဲ့ မောင်တိုင်ပင်ပေါ့ကွာ . . ."

ထွန်းဇော်က အရယ်တစ်ဝက်နဲ့ ဆိုတယ်။

"ခိုးပြေးတဲ့အရသာက တစ်မျိုးတော့တစ်မျိုးပဲ နေမယ်ကွနော် . . . လူများမိသွားမလား . . . သူတို့ဘက်က သဘောမတူဘူးဆိုပြီး မြေလှန်ရှာမှာလား . . . တွေးကြည့်ရတာပေါ့ကွာ . . . ငါတို့လည်း အတွေးသမားရဲ့သူငယ်ချင်းဆိုတော့ . . ."

အောင်ဝင်းက နောက်ဆုံးတော့ စာရေးဆရာဖြစ်တဲ့ ကျွန်တော့်ကို ခလုတ်တိုက်ဖြစ်အောင်တိုက်တယ်။

အဲဒီ့အချိန်မှာ ကြည်ပြာ၊ နုနုနဲ့ ကျွန်တော့်ကောင်မလေးတို့ ဆိုင်ထဲဝင်လာကြတယ်။

"ဘာတွေပြောနေကြတာလဲ . . ."

ရောက်ရောက်ချင်း နုနုက ဆိုတယ်။



www.burmeseclassic.com

www.burmeseclassic.com



"စပ်စုလှချည်လား . . . ပြောပြစရာလား နင့်ကို . ."

ထွန်းဇော်က နုနုရဲ့နားထင်ကို တွန်းလှတ်ရင်းဆိုတယ်။

"ငါတို့ကတော့ စာရေးဆြာတွေရဲ့အတင်းကို တစ်လမ်းလုံး ပြောလာကြတာ . . ."

"အင်း . . . မြားဦးကတော့ ငါ့ဘက်ကိုလှည့်ပြီနဲ့တူတယ်"

ရယ်ကျဲကျဲနဲ့ ခေါင်းကုတ်ရင်း ကျွန်တော်ဆိုဖြစ်တယ်။

"ဆိုစမ်းပါဦး . . . ဘယ်လိုအတင်းတွေတုံး . . ."

အောင်ဝင်းက မျက်ခုံးပင့်ရင်းမေးတယ်။ ကျွန်တော့်ကောင်မလေးက မချိုမချဉ်ပြုံးပြီးတော့ ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်တယ်။

ပြီးတော့မှ . . .

"ဒီလိုဟာ . . . သူတို့စာရေးဆြာတွေ ယုတ္တိမရှိဘဲရေးကြတဲ့ ရယ်သံတွေ အကြောင်းကိုပါ . . ."

"ဘယ်လို . . . ဘယ်လို . . ."

ကောင်မလေးရဲ့ မချိုမချဉ်မျက်နှာကိုကြည့်ပြီး ကျွန်တော် မေးဖြစ်တယ်။

နုနုက . . .

"ဒီလိုလေ . . . စာရေးဆြာတွေက ရယ်သံကိုရေးတဲ့အခါမှာ ဟင်း ဟင်း ဟင်းလို့ ရေးကြတယ် . . . ရယ်သံနဲ့မတူဘဲ အဖျားတက်သံနဲ့ တူတယ် . . ."

"တချို့ကျတော့လည်း အဟွန်း ဟွန်း ဟွန်း တဲ့ . . ."

လို့ ကြည်ပြာက ဝင်ပြီးဆိုတယ်။

"အဲဒီလို ရယ်သံမျိုး အပြင်မှာ ကြားဖူးပေါင် . . ."

လို့ ကောင်မလေးကလည်း ရယ်ချင်ပက်ကျိသံနဲ့ဝင်ပြီးတော့ ဆိုတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မချိုမချဉ်နဲ့ လူကို . . .

"ဘာပြောဦးမလဲ . . ."

ဆိုတဲ့ ပုံစံနဲ့ မျက်ခုံးပင့်ပြတယ်။

"ဒါကတော့ . . ."

'ဒါကတော့' လို့ပဲ ကျွန်တော်က ဖြေရှင်းဖို့ အစချီရုံရှိသေး ထွန်းဇော်က . . .

"အဲဒီရယ်သံတွေ အမျိုးမျိုးကို စာရေးဆြာတွေ၊ စာရေးဆရာမတွေ ရေးကြတဲ့အထဲမှာ အမုန်းဆုံးကတော့ ခစ် ခစ် ခစ် ဆိုတဲ့ ရယ်သံပဲ . . . အဲဒီဟာကြီးကို ဘယ်လိုမှ ခံစားလို့မရဘူး . ."

လို့ မျက်နှာကြီးမဲ့ရွဲ့ရင်း ဆိုတယ်။

"အဟက် အဟက်တို့ . . . ဟဲ ဟဲ ဟဲ တို့ဆိုတာလည်း ရှိသေးတယ်လေ . . ."

နုနုကလည်း ချောင်းဆိုးသလို 'တဟက်ဟက်' လုပ်ပြရင်း ကျွန်တော့်ကို နှိပ်ကွပ်တယ်။ အဲဒီအချိန်မှာပဲ ကျွန်တော့်ရဲ့ကောင်မလေးက . . .

"ကြည့်စမ်း . . . ကြည့်စမ်း . . . သူတို့ စာရေးဆြာတွေ၊ စာရေးဆရာမတွေကိုပြောတော့ မျက်နှာက ဆီးရွက်လောက်ပဲ ရှိတော့တယ် . . ."

"အဲဒီမှာ စတွေ့တာပဲ . . ."

အဲဒီမှာ စတွေ့တာပဲဆိုတဲ့ ကျွန်တော့်စကားကို အားလုံးက 'ဘာလဲ' ဆိုတဲ့ပုံစံနဲ့ ဝိုင်းပြီး ကျွန်တော့်ကို ကြည့်ကြတယ်။

"အခုပဲ ညီမလေးက ပြောလိုက်တယ် မဟုတ်သား . . . အစ်ကို့မျက်နှာကို ဆီးရွက်လောက်ပဲ ရှိတော့တယ်လို့ . . . တကယ်တော့ ဘယ်လူသားရဲ့မျက်နှာမှ ဆီးရွက်လောက်သေးတာ မရှိဘူး . . . ဒါပေမယ့်လည်း တင်စားတဲ့အနေနဲ့ ဆီးရွက်လောက်လို့ပြော



www.burmeseclassic.com

www.burmeseclassic.com



ကြတာပဲ မဟုတ်လား . . . ရယ်သံကလည်း အဲဒီလိုပဲ တင်စားပြီး ရေးကြတဲ့ သဘောပေါ့ . . . ”

ကျွန်တော့်ရဲ့ ဖြေရှင်းချက်အဆုံးမှာ အောင်ဝင်းက ခေါင်းခါသည်။

“ငါကတော့ လက်မခံဘူး . . . ခစ် ခစ် ခစ် ဆိုတဲ့ရယ်သံကြီး ထည့်ရေးမယ့်အစား . . . ချစ်စရာကောင်းအောင် ရယ်သည် ဆိုတာမျိုး ရေးလို့မရဘူးလား . . . ”

အောင်ဝင်းက ပခုံးတွန့်ရင်း ဆိုတယ်။

“ကဲ . . . ပြောကြတော့ဟေ့ . . . ပြောချင်သလိုသာ ဝိုင်းပြောကြတော့ . . . ”

ကျွန်တော် တမင်ပဲ ‘ပြောကြတော့ဟေ့’ လို့ ဆိုဖြစ်တယ်။

“အေး . . . မပြောနဲ့ဆိုလည်း ပြောဦးမှာ . . . စိတ်ချ . . . တစ်ခါတလေကွာ . . . မင်းသား မင်းသမီးတွေရဲ့လှပမှုကို ပြောချင်တဲ့နေရာမှာ ရေးလိုက်ကြတာကွာ . . . မျက်လုံးက ဘယ်လို . . . မျက်တောင်က ဘယ်ပုံ . . . မျက်ခုံးမွေးက ဘယ်သို့ . . . စသဖြင့်ပေါ့ကွာ . . . မျက်လုံးပတ်ပတ်လည်အတွက် ရေးလိုက်တာနဲ့တင် စာမျက်နှာ တစ်မျက်နှာမကဘူး . . . တစ်ကိုယ်လုံးဆို ပြောမနေတော့နဲ့ . . . သူတို့ရေး‌ေ ားတဲ့ပုံစံက ချောလွန်းလို့ နတ်သမီးတောင်ရှုံးတယ် . . . အပြင်မှာတောင် လုံးဝမဖြစ်နိုင်တဲ့ပုံစံမျိုးကွ . . . ”

ထွန်းဇော်က မဲ့ရွဲ့ရင်းဆိုတယ်။

“အေးပါကွာ . . . အေးပါ . . . ပြောစရာရှိတာ အကုန်ပြောကြပါ . . . အားလုံးရဲ့ကိုယ်စား ငါ အပြောခံပါ့မယ် . . . ဝ အောင်သာပြောကြ . . . ”

ကျွန်တော့်ရဲ့စကားကို အားလုံးက ဝိုင်းရယ်ကြတယ်။ ဒီလိုပါပဲ . . . လူတွေမဆုံလိုက်နဲ့ ဆုံရင် ကျွန်တော့်ကိုပဲ အမျိုးမျိုးဝိုင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



နှိပ်ကွပ်နေကြတော့တာပါပဲ။

ဘာပဲပြောပြော သူတို့ရယ်နေကြ၊ ပျော်နေကြရင် ကျွန်တော်လည်း ပျော်တာပါပဲ . . . ကောင်မလေးကတော့ ကျွန်တော့်ရဲ့ အီးမှန်ထားတဲ့ပုံစံ လုပ်ထားတဲ့ ကျွန်တော့်မျက်နှာကိုကြည့်ကြည့်ပြီး ရယ်တယ်။

အေးလေ . . . သူ ပျော်နေတော့လည်း ကျွန်တော် ပျော်သလိုပဲပေါ့ဗျာ . . .

www.burmeseclassic.com

www.burmeseclassic.com



လောကကြီးမှာ

သူ့ဘာသာသူ မှုန်ရှုန်းဖြစ်နေတာကို

လိုက်ပြီး

ရာဟုလုပ်တဲ့နေ့ရာ ရှိသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



## တနင်္ဂနွေ...

ချိန်းနေကျ ကော်ဖီဆိုင်ထဲမှာ ကျွန်တော်နဲ့ကောင်မလေး တစ်ယောက်ကို တစ်ယောက်စရင်း ထိုင်နေကြတုန်း ကိုမင်းတိုးက သူ့ဘော်ဒါတစ်ယောက်နဲ့ ရောက်ချလာတယ်။

ဆိုင်ထောင့်မှာ ယှဉ်ရက်ကြီး ထိုင်နေတဲ့ ကျွန်တော့်ကိုလည်း မြင်ရော

www.burmeseclassic.com

www.burmeseclassic.com



သကောင့်သားက မျက်နှာကွက်ခနဲဖြစ်သွားတယ်။

ကျွန်တော့်ဘေးမှာရှိနေတဲ့ သူ့ညီမကိုလည်းမြင်ရော မျက်နှာ ပျက်ရုံတင်မကဘူး။ ခြေလှမ်းတွေပါ ရပ်ကုန်တယ်။

ပြီး မျက်နှာကြီးနီပြီး ကျွန်တော်တို့ရှိရာကို ဆတ်တောက် ဆတ်တောက်နဲ့ရောက်လာတယ်။

"ကော်ဖီသောက်ပါဦး ..."

ကော်ဖီခွက်ကို မြှောက်ပြရင်း ခပ်ရိရိပုံစံနဲ့ခေါ်တဲ့ ကျွန်တော့် ကို သကောင့်သားက လှည့်တောင်မကြည့်ဘူး ...။

"နင့်ကို ငါဘာပြောထားလဲ ... အလုပ်အကိုင် အတည် တကျမရှိတဲ့ကောင်နဲ့ မတွဲနဲ့လို့ ... ငါ နင့်အဖေနဲ့တိုင်ရမလား"

"ကိုမင်းတိုးနော် ... လူရှေ့သူရှေ့မှာ ညီမလေးကို လာ မအော်နဲ့ ..."

ကျွန်တော့်ရဲ့ကောင်မလေးဟာ လူကြားသူကြားထဲမှာ အ အော်ခံလိုက်ရတာမို့ မျက်နှာကြီးနီရဲအောင်ရှက်ပြီး ပြန်အော်တယ်။

"ညီမလေး ... အစ်ကိုလုပ်တဲ့သူကို အဲဒီ့လိုကြီး မအော်ရ ဘူးလေ ... ငရဲကြီးတော့မှာပဲ ... အေးအေးဆေးဆေးပြောပါ"

ကျွန်တော်က ကောင်မလေးရဲ့ပခုံးကို လှမ်းဖက်ရင်း တမင် သဘောထားကြီးချင်ယောင် ဆောင်ပစ်လိုက်တယ်။

တမင်ပခုံးဖက်ပြရင်းဆိုတဲ့ ကျွန်တော့်စကားအဆုံးမှာ ကို မင်းတိုးက ကျွန်တော့်ရင်ခွင်ထဲ မရောက်တရောက်ဖြစ်နေတဲ့ သူ့ညီမ ကိုကြည့်ပြီး တောက်ခနဲ တက်ခေါက်ပြီး လှည့်ထွက်သွားတယ်။

"ကိုမင်းတိုးကြီးကလည်းဗျာ ... ကော်ဖီလေးသောက်သွား ပါဦးလို့ဆို ..."

လှည့်ထွက်သွားတဲ့ ကိုမင်းတိုးကို နောက်ကနေ [illegible] လိုက်ကလိရင်းဆိုတဲ့ ကျွန်တော့်စကားကို ကြားပေမယ့် [illegible]



www.burmeseclassic.com

www.burmeseclassic.com



သားက သည်း ဂရုမစိုက်ပါဘူး။ ကော်ဖီဆိုင်ထဲကိုတောင် ဆက်မဝင်တော့ဘဲ သူ့ခေါင်းဒါကိုခေါ်ပြီး လှည့်ထွက်သွားတဲ့ ဆရာသမားကို ကြည့်ရင်း ကျွန်တော် ရယ်ဖြစ်တယ်။

နောက်ပြီး ညီမလေးရဲ့ပခုံးပေါ်က လက်ကိုပြန်ဖယ်ပေးဖြစ်တယ်။

"စာရေးဆရာကြီးကလည်း နှုတ်ခမ်းတစ်လန်၊ ပန်းတစ်လန်နဲ့ ယောကျ်ားကြီးတန်မဲ့ ရန်ထောင်တတ်သားပဲ . . ."

ကောင်မလေးက ကျွန်တော့်ကို မချိမချဉ်ကြည့်ရင်း ခနဲ့တဲ့တဲ့ ဆိုတယ်။

"ပြောပေါ့ . . . အစ်ကိုကို ထိတာဆိုတော့ ညီမဖြစ်တဲ့လူက ဘယ်ခံပါ့မလဲ . . ."

"ဟော် . . . ကြည့် . . . အခုမြားဦးက ညီမဘက် လှည့်လာတာလား . . ."

"မဟုတ်ပါဘူး . . . ညီမက အစ်ကို့ကို ယောကျ်ားကြီးတန်မဲ့ ရန်ထောင်တယ်လို့ပြောတယ်မဟုတ်လား . . . ထကယ် ရန်အထောင်ခံရတာက အစ်ကိုပါ . . . အလုပ်အကိုင် အတည်တကျမရှိတဲ့ကောင်လို့ အစ်ကို့ကိုပြောသွားတာ ညီမ ကြားလိုက်တယ်မဟုတ်လား . . . ဒီလိုအပြောခံရတာ တစ်ကြိမ်၊ နှစ်ကြိမ်တောင် မကတော့ဘူး . . . ဒါပေမယ့် မင်းက ဘာကောင်လဲ၊ ဘာကောင်မို့လို့လဲလို့ တစ်ခွန်းမှ ပြန်မပြောဖူးဘူး . . . အစ်ကို့ဘက်ကချည်း လှိမ့်ခံနေရတာတောင် ညီမက အစ်ကို့ကို ဒီလိုစကားပြောနိုင်တယ်ဆိုတော့ ညီမက အစ်ကိုဖြစ်သူကို အထိမခံတဲ့ ညီမအလိမ္မာကြီးပေါ့ . . . ကိုယ် နားလည်ပေးနိုင်ပါတယ် . . ."

"အာ . . . အစ်ကိုကလည်း ညီမလေးက နောက်နေတဲ့ဥစ္စာကို . . ."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စိတ်ဆိုးချင်ယောင်ဆောင်တော့ ကောင်မလေးက မျက်နှာငယ်လေးနဲ့ တောင်းပန်စကားဆိုတယ်။

"ဒါဖြင့် . . . နောက် သူနဲ့အစ်ကိုနဲ့ ထိပ်တိုက်တွေ့ရင် ညီမ ဘယ်သူ့ဘက်မှာ နေမလဲ . . ."

"မေးနေစရာတောင် မလိုဘူး . . . ကိုမင်းတိုးဘက်ကပေါ့"

ကျွန်တော့်ရဲ့အမေးကို ကောင်မလေးက ရယ်ကျဲကျဲနဲ့ပြန်ဖြေတယ်။ ပြီး လျှာလေးတစ်လစ်လုပ်ပြရင်း ကျွန်တော့်ကို နောက်တယ်။

"ဘယ်သူ့ဘက်က . . ."

"ကိုမင်းတိုးဘက်ကပဲ နေမှာ . . ."

ကျွန်တော့်ရဲ့အမေးကို ကောင်မလေးက 'ကိုမင်းတိုးဘက်က' လို့ ပြောရင်း ပခုံးတွန့်ပြတယ်။

"နေဦးကွာ . . . နေဦးကွာ . . . ကဲ . . ."

နဖူးနဲ့ပါးကို တစ်ချက်စီ အနမ်းပေးရင်း 'နေဦး' လို့ဆိုတဲ့ ကျွန်တော့်ကို ကောင်မလေးက ရှက်အမ်းအမ်းနဲ့ မျက်စောင်းထိုးတယ်။

"ကဲ . . . ဘယ်သူ့ဘက်ကလဲ . . ."

". . . . . . . . . . ."

ပြုံးစိစိနဲ့မေးတဲ့ ကျွန်တော့်အမေးကို ကောင်မလေးက ဘာမှ ပြန်မပြောတော့ဘူး . . စောစောကလို 'ကိုမင်းတိုးဘက်က' လို့လည်း မစရဲတော့ဘူး . . . စတာနဲ့ ဒီကကောင်က အာဘွားပေးတော့မယ် ဆိုတာ သူသိနေတာကိုး။

"ကိုမင်းတိုးဘက်ကလား . . ."

"မသိဘူး . . ."

ကောင်မလေးက ရှက်ရှက်နဲ့မျက်စောင်းထိုးရင်း 'မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



လို့ ခပ်ဆောင့်ဆောင့်ဆိုတယ်။

"မသိဘူးဆိုပြီးတော့ မေးတာကိုမဖြေဘဲနေတာက ကိုမင်းတိုးဘက်ကဆိုတဲ့ သဘောပေါ့ . . . ဟုတ်လား . . ."

"ဟုတ်တယ် . . ."

ကောင်မလေးက ပြောပြောဆိုဆိုနဲ့ ထရပ်ရင်း 'ဟုတ်တယ်' လို့ ဖြေတယ်။

ထရပ်ထားတော့ ထိုင်ထားတဲ့ကျွန်တော်က သူ့မျက်နှာကို အာဘွားပေးလို့မရတော့ဘူးပေါ့ဗျာ။

အဲဒါနဲ့ပဲ ရှက်ရှက်နဲ့ ခေါင်းကုတ်တဲ့ကျွန်တော့်ကို ကောင်မလေးက လျှာထုတ်ပြရင်း စတယ်။

အေးလေ . . . စာရေးဆြာနဲ့ချစ်သူဖြစ်လာတာကြာတော့ လူလည်ကျတတ်ပြီပေါ့ . . . အဲလေ . . .

www.burmeseclassic.com

www.burmeseclassic.com



“**တာနဂ်ငွေငွေ**တုန်းကတောင် ငါကို
အလိုင်းကြီးခွပ်အောင် ပေးသားတယ် . . .”

“ကော်ဖီဆိုင်မှာလား . . .”

ကျွန်တော့်စကားအဆုံးမှာ
ထွန်းဇော်က မေးတယ်။

“အေး . . .”

ကျွန်တော် ခေါင်းညိတ်ပြဖြစ်
တယ်။

“ဒီကောင်က ဒါပါတွာ . . .
ဂရုစိုက်မနေပါနဲ့ . . .”

www.burmeseclassic.com

www.burmeseclassic.com



အောင်ဝင်းက 'ဒါပါကွာ' လို့ပြောရင်း ဦးနှောက်အဆံချောင်နေတယ်ဆိုတဲ့ပုံစံလုပ်ပြရင်း ဆိုတယ်။

"ငါ့အထင်ကတော့ ဒီလူ ညီမလေးရဲ့အဖေကို သွားချွန်မယ်ထင်တယ် . . . ဘာတွေဆက်ဖြစ်လာဦးမလဲ မသိပါဘူးကွာ . . ."

ခေါင်းကို ခပ်ကြမ်းကြမ်းကုတ်ရင်းဆိုဖြစ်တဲ့ ကျွန်တော့်စကားကို အောင်ဝင်းနဲ့ထွန်းဇော်က ခေါင်းညိတ်ရင်းနားထောင်တယ်။

"အေး . . . ငါ့ဘော်ဒါတစ်ယောက်ပြောတာကတော့ မင်းနဲ့သူ့ညီမကို သဘောမတူဘူး . . . ရအောင်ခွဲမှဖြစ်မယ်လို့ ပြောနေတယ်ကွဲ့ကွာ . . ."

အောင်ဝင်းက ပခုံးကိုတွန့်ရင်း ဆိုတယ်။

"ခွဲကြည့်ပါစေကွာ . . . နောက်ဆုံး သူ့အိမ်ကပါ လိုက်ခွဲတော့ရော ဂရုစိုက်စရာလား . . . ငါတို့ပြောသလို ခိုးသာပြေး ငါ့ကောင် . . ."

ထွန်းဇော်က ထုံးစံအတိုင်း ခိုးပြေးဖို့ကိုပဲ တွင်တွင်ဆိုတယ်။

"ဒီလူ . . . ကိုမင်းတိုးက ဘာဖြစ်လို့များ မင်းကို ဘလိုင်းကြီးမုန်းနေတာလဲ မသိဘူးကွနော် . . ."

တစ်လက်စတည်းပဲ ထွန်းဇော်က ကျွန်တော့်ကိုဆိုတယ်။

"သူပြောတဲ့စကားနဲ့ပြောရရင် ငါက အလုပ်အကိုင်အတည်တကျမဟုတ်တဲ့လူကိုးကွ . . ."

ကျွန်တော် ရင်နာနာနဲ့ပြုံးရင်း ဆိုဖြစ်တယ်။

"ဒီ ကိုမင်းတိုးကကွာ သူများရည်းစားကြားထဲကို ဘာဖြစ်လို့များ သပ်လျှိုချင်နေတာလဲ မသိဘူး . . ."

အောင်ဝင်းက စဉ်းစားလို့မရတဲ့ပုံစံနဲ့ ဆိုတယ်။

"ငါ့လို စာရေးဆရာကို ယောက်ဖတော်ရင် သူတို့ဂုဏ်ကျ



www.burmeseclassic.com

www.burmeseclassic.com



မှာစိုးလို့နေမှာပေါ့ကွာ . . . သူ့ဒွေးယောက်ဖပဲ သူက လိုချင်တာကွ”

ကျွန်တော် ခပ်ပြုံးပြုံးပဲ ဆိုဖြစ်တယ်။

“တော်သေးတယ် . . . ဒါတောင် မောင်နှမအရင်းမဟုတ်လို့ . . . မောင်နှမအရင်းသာဆို မင်းကို လည်ပင်းလာညှစ်မလား မသိဘူး . . .”

ရွှတ်နောက်နောက်ပြောရင်း ထွန်းဇော်က ရယ်တယ်။

“မောင်နှမအရင်းဖြစ်တော့ကော ဘာအရေးလဲကွာ . . . အစ်ကိုဖြစ်တာနဲ့ပဲ ညီမရဲ့အချစ်ရေးကိစ္စတွေလိုက်ပြီး စွက်ဖက်စရာမှမလိုတာ . . . အသက်ဆယ့်ငါး၊ ဆယ့်ခြောက်အရွယ် ဘာကိုမှ အလေးအနက်မစဉ်းစားတတ်သေးတဲ့အရွယ်ဆိုရင်တော့ တစ်မျိုးပေါ့”

အောင်ဝင်းက သက်ပြင်းကိုချရင်း ဆိုတယ်။

“ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်ပါတယ်ကွာ . . . စာရေးဆရာတော့ စာရေးဆရာ . . . ဒါပေမယ့် ငါ့မှာသာ စိန်ဆိုင်တွေ၊ ဟိုတယ်တွေရှိကြည့်ပါလား . . . ဒီလူ ငါ့ကို လေကြီးမိုးကြီးတွေ ဘယ်လာပြောပါ့မလဲ . . .”

ကျွန်တော် ဟက်ခနဲရယ်ရင်း ဆိုဖြစ်တယ်။

“အေးလေ . . . အဲဒါမျိုးသာဆိုရင် လက်မထပ်ကြသေးဘူးလားလို့တောင် မေးချင်မေးနေဦးမှာ . . . ယောက်ဖ . . . ယောက်ဖနဲ့ ပါးစပ်ကကိုချတော့မှာ မဟုတ်ဘူး . . .”

ထွန်းဇော်ကပြောပြီး တဟားဟားနဲ့ ရယ်တယ်။ ကျွန်တော်ကတော့ ပြုံးရုံပဲပြုံးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရက်ရာဇာဆိုတိုင်း

လေကြီးမိုးကြီးနဲ့

ရွှေထီးချည်း ဆောင်ချင်လို့ရမလား

www.burmeseclassic.com

www.burmeseclassic.com

၄၅

"ရောက်လာတဲ့ မိတ်ဆက်စာတွေဆို အကုန်ပြန်တာပဲလား . . ."

"အေး . . . ပြန်တာပေါ့ . . ."

ကြည်ပြာရဲ့အမေးကို ကျွန်တော် ခေါင်းညိတ်ရင်းဖြေဖြစ်တယ်။

"ကောင်မလေးတွေချည်းပဲလား"

နုနုက ကျွန်တော့်ကောင်မလေးကို လှမ်းကြည့်ရင်း မချိမချဉ်နဲ့လှမ်းမေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ယောက်ျားလေးပရိသတ်တွေဆီကလည်း စာလာပါတယ် . . ."

ကျွန်တော့်အဖြေအဆုံးမှာ ထွန်းဇော်က . .

"ဘာပဲပြောပြော ကောင်မလေးတွေက စာရေးမပျင်းကြဘူးဆိုတော့ . . . ယောက်ျားလေးပရိသတ်ထက်တော့ လာတဲ့စာအရေအတွက် ပိုမှာပေါ့ . . ."

"ဒါပေါ့ . . ."

ထွန်းဇော်ရဲ့အမေးကို ကျွန်တော် 'ဒါပေါ့' လို့ ပြောဖြစ်တယ်။ နုနုက 'တွေ့လား' ဆိုတဲ့ပုံစံနဲ့ ကောင်မလေးရဲ့ ပခုံးကိုလှမ်းတို့တယ်။

"သူက ငါ့ကို နားလည်မှုရှိပြီးသားပါ . . . နင်တို့ချွန်နေလည်း အပိုပဲ . . . ဟုတ်တယ် မဟုတ်လား . . ."

ကျွန်တော်က နုနုကိုဆိုရင်း ကောင်မလေးကို 'ဟုတ်တယ် မဟုတ်လား' လို့ လှမ်းမေးတော့ ကောင်မလေးက ခေါင်းညိတ်ပြတယ်။

"ဒါနဲ့စကားမစပ် . . . မင်းဆီလာတဲ့စာတွေထဲမှာ ထူးထူးခြားခြားစာတွေရော မလာဘူးလား . . ."

အောင်ဝင်းက စိတ်ဝင်တစားနဲ့မေးတယ်။

"အင်း . . . လာတော့လာတယ် . . ."

"ဘယ်လိုပုံစံတွေလဲ . . ."

အောင်ဝင်းက ထပ်ပြီးမေးခွန်းထုတ်တယ်။

"ဘယ်လိုပုံစံလဲဆိုတော့ . . ဥပမာကွာ . . စာကို မှန်ထောင်ပြီးမှဖတ်ကြည့်လို့ရမယ့်စာမျိုးတွေလည်း လာတတ်တယ် . . . စာမဟုတ်ဘဲနဲ့ ငါ့ရဲ့ပုံတူပန်းချီတွေဆွဲပြီး ပို့တာမျိုးလည်းရှိတယ်"

"ပုံတူပန်းချီ ဟုတ်လား . . ."

ထွန်းဇော်က အံ့အားတသင့်နဲ့မေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ဥပမာကွာ . . . ငါ အင်တာဗျူးပါတဲ့မဂ္ဂဇင်းတွေထဲကပုံကို ပုံတူဆွဲပြီးပို့တာမျိုးပေါ့ . . ."

"ဪ . . ."

"မွေးနေ့ဆိုရင်လည်း မွေးနေ့လက်ဆောင်တွေ ဘာတွေပို့ကြလား . . ."

ကြည်ပြာက 'ဪ' လို့ ခနဲ့တဲ့တဲ့ 'ဪ' တယ်။ ဆုံတိုင်းဒီလိုပရိသတ်နဲ့အကြောင်းကိစ္စတွေ မပြောဖြစ်ခဲ့ရာကနေ အခုမှပြောဖြစ်တာကြောင့်လားမသိဘူး။ နုနုက ထမေးတယ်။

"မွေးနေ့ဆုတောင်းပို့စ်ကတ်တွေ ပို့ကြပါတယ် . . . မွေးနေ့ကိတ်တွေ လက်ဆောင်တွေလည်း ပို့ကြတယ် . . . သူ့ဆီကပဲ ဘာမှမရတာ . . ငါ့ကို ငါ့ပရိသတ်လောက်တောင် ဂရုမစိုက်ဘူး . . ."

ပြောရင်းဆိုရင်းနဲ့ ကျွန်တော်က ကောင်မလေးကို မေးငေါ့ရင်းဆိုဖြစ်တယ်။ ကောင်မလေးက ရှက်ဝဲဝဲနဲ့ရယ်ရင်း ပခုံးကိုတွန့်တယ်။

"ဟောတော့ . . နင့်မွေးနေ့ကို သူက ဘာလက်ဆောင်မှမပေးဖူးဘူးလား . . ."

နုနုက ရင်ဘတ်ကိုဖိရင်း မျက်လုံးပြူးနဲ့မေးတယ်။

"ပေးဖူးပါတယ် . . . နှစ်တိုင်းနီးပါး ပေးတယ် . . ဒီနှစ်တစ်နှစ်ပဲ မေ့သွားလို့ မပေးဖြစ်တာကို ရေးကြီးခွင်ကျယ်နဲ့ ပြဿနာရှာနေပါတယ်ဆိုမှ . . . နင်က အဲ့စက ပြန်ဖော်နေပြန်ပြီ . . ."

ကောင်မလေးက နုနုကို ခပ်ငေါက်ငေါက်ဆိုတယ်။

"ဒါနဲ့ အဲဒီစာတွေထဲမှာ မပြန်ဖြစ်တဲ့စာတွေရောရှိလား"

"ရှိတာပေါ့ . . ."

ကြည်ပြာရဲ့အမေးကို ကျွန်တော် ခေါင်းညိတ်ပြရင်း ဖြေဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့တုံး . . ."

ကြည်ပြာက မျက်ခုံးပင့်ရင်း မေးတယ်။

"ဘာဖြစ်လို့လဲဆိုတော့ လိပ်စာမပြည့်စုံလို့ . . . ဥပမာကွာ . . . မဖြူ . . . မန္တလေး . . . ဆိုပြီးရေးလာရင် ငါက ဘယ်လိုစာပြန်မလဲ . . . လူနာမည်နဲ့မြို့နာမည်ပဲ ပါရုံနဲ့စာပြန်လို့မရဘူးလေကွာ . . . လူနာမည်၊ အိမ်နံပါတ်၊ လမ်းနာမည်၊ မြို့နာမည် အဲဒီလို ပြည့်ပြည့်စုံစုံ လိပ်စာပေးပါမှ စာပြန်လို့ရမှာပေါ့ . . . ဟုတ်တယ်မဟုတ်လား . . . တချို့က စာမပြန်လို့ဆိုပြီး စိတ်တွေတိုပြီး စာပြန်ပါ . . . စာမပြန်ဘူးလား . . . မာနကြီးလှချည်လား . . . ပရိသတ်ကို ဒီလိုပဲ ဆက်ဆံရသလား . . ဆိုပြီတော့ စာတွေသာ အစောင်စောင်ထည့်နေတယ် . . . သူတို့စာမှာ လိပ်စာက လုံးဝကို မပါဘူး . . . အဲဒီလို စာတွေကျတော့ စာပြန်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူးလေ . . . ဒီလိုပဲ သိမ်းထားလိုက်ရတော့တာပဲ . . ."

"အင်း . . . သူတို့ကတော့ မင်းဆီက ပြန်စာမလာ မလာနဲ့ မျှော်နေကြတော့မှာပဲ . . ."

အောင်ဝင်းက ခေါင်းကို တဆတ်ဆတ်ညိတ်ရင်းဆိုတယ်။

"အေးပေါ့ . . . အဲဒါကတော့ မင်းပြောမှလား . . ."

အောင်ဝင်းကို ထွန်းဇော်က ခပ်ငေါက်ငေါက်ဆိုတယ်။

"ငါသာဆို အဲဒီမြို့ကို လိုက်သွားပြီး စုံစမ်းပြီးစာပြန်မှာပဲ"

နုနုက လျှာတစ်လစ်လုပ်ရင်း ဆိုတယ်။

"အဲဒီမြို့ကို လိုက်လာမှာစိုးလို့ ဘယ်သူမှလည်း နင့်ဆီ စာထည့်ရဲမှာမဟုတ်ဘူး . . ."

ထွန်းဇော်က နုနုကို နှိပ်ကွပ်ရင်းရယ်တယ်။ ရှက်အမ်းအမ်းကြီးဖြစ်နေတဲ့ နုနုကိုကြည့်ရင်း တစ်ဖွဲ့လုံးက ဝိုင်းရယ်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ နုနုက သူ့ရှက်ရင် မျက်နှာက သူများထက်ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



နီရဲတွတ်ခနေတတ်လို့။

အဲဒီလို တစ်ဝိုင်းလုံးရယ်နေတဲ့အချိန်မှာပဲ သူတို့ဝိုင်းမှာ လူနှစ်ယောက်လာရပ်တယ်။ တစ်ယောက်က ကိုမင်းတိုး . . . နောက်တစ်ယောက်ကတော့ ညီမလေးရဲ့ဖေဖေ . . ဘာဖြစ်လို့ အဲဒီ့လူကြီးကို ညီမလေးရဲ့အဖေမှန်းသိရသလဲဆိုတော့ ညီမလေးက ‘ဖေဖေ’ လို့ ရုတ်တရက်ကြီးထရပ်ရင်း ရေရွတ်လိုက်တာကိုး။

“လာ . . . ပြန်မယ် . . .”

ညီမလေးရဲ့ဖေဖေက ညီမလေးရဲ့လက်ကို ခပ်ကြမ်းကြမ်းဆွဲရင်း ခေါ်တယ်။ ဆိုင်ထဲမှာ ကျွန်တော်တို့ဝိုင်းကို ဝိုင်းကြည့်နေကြတဲ့လူတွေက အများကြီး။ ရှက်နေတဲ့ညီမလေးက ဖျတ်ခနဲ ကျွန်တော့်ကို လှမ်းကြည့်ပြီး ပါသွားတယ်။

ကျွန်တော့်ရင်ထဲမှာတော့ မတော်ရသေးတဲ့ ယောက္ခမကြီးရဲ့လက်ထဲ ယက်ကန်ယက်ကန်နဲ့ပါသွားတာ ညီမလေးလို့မမြင်ဘူး . . ကျွန်တော့်ရင်ထဲက နှလုံးသားတစ်စုံလို့မြင်နေတယ်။

အောင်ဝင်းတို့အားလုံးက ကျွန်တော့်ကို သနားကြည့်နဲ့ဝိုင်းကြည့်နေကြတယ်။ ကျွန်တော့်ရင်ထဲမှာကတော့ ဘာကြောင့်မှန်းမသိ အစွမ်းကုန်မွန်းကျပ်လို့။

www.burmeseclassic.com

www.burmeseclassic.com



"**အဖေ့**အ[illegible]းက တော်မှတော်
လေးကို ရှပ်ထွေးနေတယ်"

ညီမလေးတို့အိမ်က အခြေ
အနေကို ကြည့်ပြာက ရှုံ့မဲ့ရင်း ဆို
တယ်။

"နင့်ယောက်ျားဖလောင်းကြီး
က ဘယ်လောက်ကောင် မှမွှထား
လည်းမသိဘူး . . . သူတို့အဖေက သူ
တိုနိုင်ငံခြားပို့မယ်ပြောတယ် . . .

www.burmeseclassic.com

www.burmeseclassic.com



သူ့အမေဟာတော့ သူ့သဘောတူတဲ့လူနဲ့ အမြန်ပေးစား ချင်တယ် . . .”

● “ညီမလေးကော နေကောင်းရဲ့လား . . .”

ကျွန်တော် နုနုရဲ့စကားကိုဖြတ်ရင်းမေးဖြစ်တယ်။

“ကောင်းတယ် . . . သူက မှာလိုက်တယ် . . . လာမယ့် တနင်္လာနေ့ စဆုံနေကျပန်းခြံအပေါက်ဝမှာ ညနေငါးနာရီစောင့်နေမယ်တဲ့ . . . သူ အပြီးလိုက်ခဲ့မယ်တဲ့ . . .”

“ခိုး . . . ခိုးရာလိုက်မယ် ဆိုပါတော့ . . .”

“အေးပေါ့ . . .”

အထစ်ထစ်အငေါ့ငေါ့မေးတဲ့ ကျွန်တော့်အမေးကို ကြည်ပြာက ‘အေးပေါ့’ လို့ ခပ်သွက်သွက်ဖြေတယ်။

“တနင်္လာဆိုတော့ သန်ဘက်ခါပဲ . . .”

ထွန်းဇော်ရဲ့အသံက ရင်ဘတ်ကို ဖျတ်ခနဲလှုပ်နှိုးသွားစေတယ်။

“ငါ . . . ငါ ပြန်တော့မယ် . . .”

“ခိုးဖို့ပြန်စီစဉ်တော့မယ်ပေါ့ . . . အကူအညီလိုရင် အချိန်မရွေးနော် . . .”

ရုတ်တရက်ထရပ်ရင်း ထွက်လာတဲ့ ကျွန်တော့်နောက်ကို အောင်ဝင်းက လိုက်အော်တယ်။ ဆိုင်ထဲက အောင်ဝင်းတို့ရဲ့ရယ်သံတွေက ကျွန်တော့်နောက်ကိုကပ်ပြီး လိုက်ပါနေတယ်။

ဆိုင်ထဲကနေ လမ်းပေါ်ရောက်ရောက်ချင်း အံကိုတင်းနေအောင် ကြိတ်ဖြစ်တယ်။ လက်သီးကိုကျစ်နေအောင်ဆုပ်ထားဖြစ်တယ်။ စိတ်ကိုတင်းထားပေမယ့် မျက်ရည်တွေက ပါးပြင်ပေါ်ကို စီးကျလာလို့ ခပ်ကြမ်းကြမ်းသုတ်ဖြစ်တယ်။

သူ့ရဲ့အခြေအနေကို ညီမလေးသိအောင် ဘယ်လိုပြောရပါ့။



www.burmeseclassic.com

www.burmeseclassic.com



အခုဆို ညီမလေးတို့အိမ်က သူငယ်ချင်းတွေကိုတောင် ပေးလာတာ မဟုတ်ဘူး။

ကြည်ပြာတို့သတင်းကိုတောင် အိမ်ဖော်မလေးကနေ တစ်ဆင့် ခက်ခက်ခဲခဲကြီး သိခဲ့တာဆိုတော့ . . .

ကျွန်တော့်နားထဲမှာတော့ မေမေ့စကားကို ပြန်ပြီးကြားနေမိတယ် . . . .။

www.burmeseclassic.com

www.burmeseclassic.com



"သား ရေ . . ."

"ဗျာ . . . မေမေ . . ."

မျက်နှာမကောင်းတဲ့အမေ့ကို ကျွန်တော်ထူးဖြစ်တယ်။ အခု တလော အမေရေ၊ အဖေပါ မျက်နှာမကောင်းကြဘူး။

"မေမေတို့ မနက်ဖြန် ဒီဆုကို ခန်းပေါ်က ဆင်းရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . ."

ကျွန်တော် အံ့အားသင့်သွားမိတယ်။ မေမေ့ကိုကြည့်တော့လည်း နောက်နေတဲ့ပုံ မပေါ်ဘူး။

"သားရဲ့ဘွားဘွားကို ကျောက်ကပ်အစားထိုးထားတာ သားသိတယ်နော် . . ."

"ဟုတ်ကဲ့ . . ."

"အဲဒါ . . . သားရဲ့ဖေဖေလည်း လုပ်ငန်းတွေ အရှုံးပေါ်လို့ ဘွားဘွားရဲ့ကုသစရိတ်ကို ဒီအိမ်ရောင်းပြီး ဖြေရှင်းလိုက်ရတယ်"

ပြောပြီး မေမေက ရှိုက်ရှိုက်ပြီးငိုတယ်။

"မနက်ဖြန် သားရဲ့ဦးလေးဝေအိမ်ကို သွားနေကြရမယ်"

ဦးလေးဝေအိမ်က ကလေးတွေ တစ်အုပ်တစ်မကြီးနဲ့ တိုက်ခန်းက ကျဉ်းကျဉ်းလေး။ အဲဒီကိုပြောင်းရမယ်ဆိုတော့ ကျွန်တော် စိတ်လေသွားတယ်။

"ဘာဖြစ်လို့ အဲဒီကိစ္စတွေ ကျွန်တော့်ကိုမပြောတာလဲ အမေ . . . အမေတို့ပဲ အဆင်ပြေတယ်ဆို . . ."

ကျွန်တော့်အမေးကို အမေက ခေါင်းခါသည်။

"ငါ့သားကို အမေ သနားလို့ပါ . . . မင်းမှာ ငွေတွေစုလိုက် . . . အဘွားရဲ့ဆေးဖိုးလေးပေးလိုက်နဲ့ . . . ကိုယ့်ငွေတောင် ကိုယ်မသုံးရတဲ့ကြားထဲ စိတ်ဆင်းရဲမှုတွေ ထပ်ပြီးမပေးချင်လို့ပါ . . . အခုတောင် အမေ လုံးဝမပြောချင်ဘဲပြောရတာပါ သားရယ် . . ."

ပြောပြီး အမေ ငိုတယ် . . .။ အဲဒါကြောင့် ထင်ပါရဲ့ ဖေဖေတစ်ယောက် အရက်တွေမူးမူးပြီး ညဥ့်နက်မှပြန်လာတာကိုး လို့ ကျွန်တော် ရင်နာနာနဲ့တွေးမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



# တနင်္လာနေ့

www.burmeseclassic.com

www.burmeseclassic.com



စံပယ်တွေပွင့်ဖူးဖို့

တနင်္လာနေ့ကို

တံခါးခေါက်ဖို့ လိုလို့လား

? ? ? ? ?

www.burmeseclassic.com

www.burmeseclassic.com

၁၁၇

**ပန်းခြံဝ** မှာရပ်နေတဲ့ချစ်သူကို ကြည့်ရင်း ကျွန်တော့်ရင်တွေ အတိုင်းအဆမရှိ မွန်းကျပ်နေတယ်။

စိတ်တစ်ခုက ညီမလေးဆီပြေးပြီးပွေ့ဖက်နေတယ်။ စိတ်တစ်ခုက ကွယ်ရာမှာပဲ ဆက်ရပ်နေဖို့ တိုက်တွန်းတယ်။

ညီမလေးကို ခိုးပြေးဖို့မခက်ပေမယ့် သူ့ကို ကျွန်တော် ဘယ်ခေါ်သွားရ

www.burmeseclassic.com

www.burmeseclassic.com



လဲဆိုတာ မတွေးတတ်ဘူး။

"အလုပ်အကိုင်အတည်တကျမရှိတဲ့ကောင် . . ."

ဆိုတဲ့ မင်းတိုးရဲ့စကားက စို့တစ်ချောင်းရိုက်သွင်းသလို ကျွန်တော့်နားထဲ အပြန်ပြန်ဝင်ပြီးကြားနေရတယ်။ ညီမလေးတစ်ယောက်တော့ လည်ပင်းတွေရှည်အောင် မျှော်နေပြီထင်ရဲ့။

ကျောခိုင်းပြီးလှည့်ထွက်မယ်ကြံတဲ့အချိန်မှာ ဒီလိုအခွင့်အရေးမျိုး နောက်တစ်ခေါက်မရနိုင်ဘူးဆိုတာကလည်း ရင်ကိုဖိညှစ်ပြီး မွန်းကျပ်နေစေတယ်။

ဘယ်လိုလုပ်ရမလဲဆိုတဲ့အတွေးက တစ်ကိုယ်လုံးမှာ ရှိသမျှအားအင်တွေကို ဆွဲထုတ်ခဲ့လိုက်သလို လူကိုမွန်းကျပ်ဆို့နစ်နေစေတယ်။

နာရီကိုကြည့်တော့ (၆) နာရီခွဲ။

ဒါဆို ညီမလေး ကျွန်တော့်ကို ရပ်စောင့်နေတာ တစ်နာရီခွဲတောင်ရှိပြီပေါ့ . . .။

ကဲ . . ဒီအချိန်မှာ ကျွန်တော့်ရင်တွေ ဘယ်လောက်တောင်လောင်ကျွမ်းနေမလဲဆိုတာ စဉ်းစားသာကြည့်တော့ . . . .

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

တနင်္လာဆိုတာကို ငါမျိုချထားတဲ့ ညနေခင်းတုန်းကပေါ့။

ဆည်းဆာကမလှမပနဲ့ သူ့ကိုယ်သူ ပြာချတယ်။

အဲဒီ . . .ဝေဒနာရဲ့ရှာပနထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



**ကျွန်တော်** ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်ရင်း ချစ်သူရှိရာ တစ်လှမ်းချင်း လှမ်းဖြစ်တယ်။ ကျွန်တော့်ကိုလည်းမြင်ရော ဝမ်းသာသွားတဲ့ ညီမလေးရဲ့မျက်လုံးထဲမှာ မျက်ရည်စတွေ တောင်ဝေလို့။

ကျွန်တော့်ရင်ခွင်ထဲ အလိုက် သင့်ဝင်လာတဲ့ ညီမလေးကို ကျွန်တော်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တင်းကျပ်စွာပဲ ဖက်ထားမိတယ်။

စိတ်ထဲမှာတော့ . . . .

“ညီမလေးရေ . . . ကိုယ့်ရင်ခွင်ကိုပဲ တစ်ကမ္ဘာမှတ်လို့ ယုံယုံကြည်ကြည်သာ ပုံအပ်လိုက်တော့ . . .”

လို့ တီးတိုးဆိုမိတယ်။

ရိုးသားမှုရှိတဲ့ သမာသမတ်ကျတဲ့အလုပ်တစ်ခုကို ယုံယုံကြည်ကြည်၊ ဇွဲရှိရှိနဲ့ အလုပ်လုပ်နေတဲ့လူတစ်ယောက်အတွက် နေရာတစ်နေရာက သေချာပေါက်ဖြစ်လာမှာပါ။ အဲဒီ့လို နေရာတစ်ခုရတဲ့ အချိန်အထိ ညီမလေး သည်းခံပြီးရှိနေရင် ပြီးတာပဲမဟုတ်လား။

ချစ်သူကိုတော့ ကျွန်တော့်ရင်ခွင်ထဲမှာ တင်းတင်းကျပ်ကျပ်ကို ပွေ့ထားရင်းက ရေးဖူးခဲ့တဲ့ ကဗျာတစ်ပုဒ်ကို သတိရတယ်။

“မြစ်တစ်စင်းအတွက် နောင်တဆိုတာမရှိဘူး။
ပင်လယ်ကိုကူးဖို့ သူ့ရင်ထဲကသွေးတွေက
အမြဲတမ်းမြင့်ရာက နိမ့်ရာကို စီးတယ် . . .”

www.burmeseclassic.com

www.burmeseclassic.com

၁၁၄

BURMESE CLASSIC .com

**အချစ်** ဆိုတာကလည်း သိမ်း
တော့မှ နောင်တရမှာမဟုတ်ဘူး။ ချစ်သူ
သာ ရင်ခွင်ထဲမှာရှိလို့ကတော့ ကျွန်တော့်
အတွက် အင်အားတွေက ပင်လယ်ကိုကူး
ဖို့တောင် အသင့်ရှိနေတာမဟုတ်လား။

မြည်မိုင်မှူးအိမ်

www.burmeseclassic.com